# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၂၉)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်　　၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ ကြာသပတေးနေ့။


## ဂျာမနီနိုင်ငံသမ္မတခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ တရားဝင်ခရီးလာရောက်မည်

**နေပြည်တော်　ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင် ဂေါက်ခ်နှင့် မစ္စစ် ဒါနီလာရှထ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မကြာမီကာလအတွင်း မြန်မာနိုင်ငံသို့ တရားဝင်ခရီး လာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်လို

**နေပြည်တော်　ဖေဖော်ဝါရီ ၅**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ Mr.David Matthison (Asia Division,Myanmar)၊ Mr. Brad Adams (Asia Division, London) နှင့် Mr.Phil Robertson (Asia Division, Bangkok) တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ Mr.David Matthison (Asia Division,Myanmar)၊ Mr. Brad Adams (Asia Division, London) နှင့် Mr.Phil Robertson (Asia Division, Bangkok) တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်းတွင် ကုလသမဂ္ဂနှင့် ပိုမိုနီးကပ်စွာ ဆက်ဆံလျက်ရှိပြီး လူ့အခွင့်အရေးကော်မရှင်၊ လူ့အခွင့်အရေးကောင်စီတို့နှင့်လည်း ပိုမိုနီးကပ်စွာ ဆက်ဆံလျက်ရှိပါကြောင်း၊ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့သည် လွတ်လပ်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်လိုသည့် ဆန္ဒရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ၎င်းတို့အဖွဲ့သည် နိုင်ငံပေါင်း ၉၀ ခန့်တွင် အလုပ်လုပ်ကိုင်လျက်ရှိပါကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်ခွဲတာကာလအတွင်း မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးဆိုင်ရာနှင့်ပတ်သက်၍ သိသိသာသာ တိုးတက်လာသည်ကို တွေ့ရှိရသည့်အတွက် များစွာ ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ၎င်းတို့အဖွဲ့အနေဖြင့် ပါဝင်ကူညီ ဆောင်ရွက်လိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ကြည်၊ ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# တပ်မတော်က သိမ်းယူထားသော မြေများအား ဒုတိယအကြိမ် စိစစ်စွန့်လွှတ်ပေးလျက်ရှိ

**နေပြည်တော်　ဖေဖော်ဝါရီ ၅**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး၌ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း (၁)နှင့် အပိုင်း(၃)တွင် ပါရှိသော တပ်မတော်နှင့် သက်ဆိုင်သည်ဟုယူဆ၍ ပေးပို့ခဲ့သည့် အမှုပေါင်း (၅၆၅)မှုရှိသော်လည်း စိစစ်ချက်အရ တပ်မတော်နှင့် သက်ဆိုင်သည့်အမှု (၃၆၅)မှုတွင် ဖြေရှင်းပြီး (၃၅၇)မှုအား ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ ပထမအကြိမ် ပြန်လည်စွန့်လွှတ်ပေးခဲ့ပြီးဖြစ်သည်-

| | | |
|---|---|---|
| -ကော်မရှင်တိုင်စာတွင် ပါဝင်ခဲ့မှုမှ စွန့်လွှတ်ပေးခဲ့သောမြေ | - | ၂၄၈၅၄. ၉၁၀ဧက |
| -ကော်မရှင်တိုင်စာတွင် မပါဝင်သော်လည်း သီးခြားစွန့်လွှတ်ပေးခဲ့သောမြေ | - | ၂၉၄၀၀. ၀၉၃ဧက |
| စုစုပေါင်း | - | ၅၄၂၅၅. ၀၀၃ဧက |

တပ်မတော်က အထက်ပါ စုစုပေါင်း မြေ ၅၄၂၅၅. ၀၀၃ဧကအား တိုင်းဒေသကြီး/ပြည်နယ် မြေယာစီမံခန့်ခွဲရေးအဖွဲ့များသို့ ပထမအကြိမ် ပြန်လည်စွန့်လွှတ်အပ်နှံပေးခဲ့ပြီးဖြစ်သည်။ ခရိုင်/မြို့နယ်/ ရပ်ကွက်/ကျေးရွာ မြေယာစီမံခန့်ခွဲရေးအဖွဲ့များကလည်း စနစ်တကျစိစစ်၍ တောင်သူများလက်ဝယ် ပြန်လည်အပ်နှံပေးလျက်ရှိသည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ နယ်မြေဒေသများအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ မြေစာရင်းဦးစီးဌာနအပါအဝင် သက်ဆိုင်ရာဌာနတာဝန်ခံများနှင့် တပ်မတော်မှကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့များဖွဲ့စည်း၍ တပ်မတော်မှ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ရန် သိမ်းဆည်းခဲ့သော မြေများအား မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့များ၏ မြေပြင်စစ်ဆေးချက်များအရ မြေဧရိယာ ၁၅၄၈၉၂. ၁၀၂ဧကအား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသို့တင်ပြပြီး *စာမျက်နှာ ၅ ကော်လံ ၁*


■ ပြည်တွင်း

**မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်၊ မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေးအောင်မြင်**

သတင်းစာမျက်နှာ ➤ ၆

■ နိုင်ငံတကာ

**မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များ အခွန်ဆောင်၍ မှတ်ပုံတင်ပြုလုပ်ပေးမည်**

သတင်းစာမျက်နှာ ➤ ၁၀

■ နိုင်ငံတကာအားကစား

**လာလီဂါပွဲစဉ် (၂၂)မှာ ရှန်းကန်ရဦးမယ့် ရီးရဲမက်ဒရစ်**

သတင်းစာမျက်နှာ ➤ ၁၄





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အွန်လိုင်းစာကြည့်တိုက်

ခေတ်စနစ်တစ်ခု၏အခြေအနေနှင့် အချိန်အခါအရ လူငယ်လူရွယ်တို့၏ စာဖတ်မှုပုံစံသည် ပြောင်းလဲလာသည်ကိုတွေ့ရသည်။ စာအုပ်စာစောင်များကို ကိုင်တွယ်ဖတ်ရှုခြင်းထက် နည်းပညာတိုးတက်လာသည့်အလျောက် Mobile Device များဖြစ်သော Laptop, iPad, Tablet, Android ဖုန်းများနှင့် Netbook များမှတစ်ဆင့် စာဖတ်လာကြပြီဖြစ်သည်။ ဤသည်ပင် အွန်လိုင်းစာကြည့်တိုက်စနစ် ထွန်းကားလာခြင်းအစဟု ဆိုရပေလိမ့်မည်။ များမကြာမီကာလအတွင်း ဤအွန်လိုင်းစာကြည့်တိုက်စနစ်သည် အရှိန်အဟုန်ကောင်းကောင်းဖြင့် ပြောင်းလဲလာနိုင်သည်။

ယခုအခါမြန်မာနိုင်ငံအနှံ့မှ ပြည်သူများအတွက် စာအုပ်စာပေများ အလွယ်တကူဖတ်ရှုလေ့လာနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် Public Digital Library Service စနစ်ကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်နှင့်မြို့နယ်များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်များတွင် တပ်ဆင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဒစ်ဂျစ်တယ်စာကြည့်တိုက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းသည် အင်တာနက်မလိုဘဲ Laptop ကွန်ပျူတာများ၊ iPad, Tablet, Android ဖုန်းများနှင့် Netbook တို့ဖြင့် ၆၅၀ မီတာပတ်လည်အတွင်း WiFi စနစ်အသုံးပြုကာ စာအုပ်များအလွယ်တကူ ဖတ်ရှုနိုင်တော့မည်ဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် Public Digital Library Service အတွက် စက်အလုံး ၁၀၀ ကို ယခုနှစ် မတ်လအတွင်း စတင်ဖြန့်ဝေတပ်ဆင်မည်ဖြစ်ပါသည်။ ဤသို့ဝန်ဆောင်မှုပေးခြင်းကြောင့် အွန်လိုင်းစာဖတ်သူများအနေဖြင့် နာမည်ကြီးစာရေးဆရာများ၏ စာအုပ်ကောင်းများကို ဖတ်ရှုနိုင်တော့မည်ဖြစ်ပါသည်။

ဤစနစ်ထူထောင်ပေးလိုက်ခြင်းသည် လူငယ်လူရွယ်တို့၏ စာဖတ်ရှိန် မြင့်မားလာစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးလိုက်ခြင်းပင်ဖြစ်သည်။ အကြောင်းသည်ကား အွန်လိုင်းစနစ်နှင့် နီးစပ်နေသောလူငယ်များ ခေတ်နှင့်အညီ အွန်လိုင်းမှတစ်ဆင့် စာဖတ်ခြင်းကို ပို၍နှစ်ခြိုက်လာခြင်းကြောင့်ပင်ဖြစ်ပါသည်။ အွန်လိုင်းမှတစ်ဆင့် လူငယ်တို့၏ စာဖတ်အားကို တွန်းပို့လိုက်ခြင်းလည်းဖြစ်ပါသည်။

သတင်းအချက်အလက်များအပြင် တန်ဖိုးကြီးမားသော စာအုပ်များကို အွန်လိုင်းမှတစ်ဆင့် ဖတ်ရှုခွင့်ရနိုင်တော့မည်ဖြစ်သည်။ မိမိတို့နှင့်နီးစပ်ရာ WiFi လွှင့်တင်ထားသော စာကြည့်တိုက်များသို့ သွားရောက်ကာ စာကောင်းပေမွန်များဖတ်ရှုနိုင်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်ပါသည်။ ထိုကဲ့သို့ သုတရသစာအုပ်များအပြင် ရှားပါးစာအုပ်များ၊ သိပ္ပံနှင့်နည်းပညာစာအုပ်များ လုပ်ငန်းခွင်အသုံးချစာအုပ်များနှင့် ဘာသာဗေဒဆိုင်ရာစာအုပ်များကိုလည်း လွှင့်တင်ပေးနိုင်လျှင် ပို၍အကျိုးထိရောက်မှုရှိမည်ဖြစ်ပါသည်။

သို့ပါ၍ လူငယ်လူရွယ်တို့အနေဖြင့် တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ အွန်လိုင်းစာကြည့်တိုက်စနစ်များကို အသုံးချကာ မိမိဘဝတိုးတက်ပြောင်းလဲရေး၊ အသိဉာဏ်ပညာ ရင့်သန်တိုးပွားရေးအတွက် စာဖတ်ခြင်းအလုပ်ကို မြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# အများပြည်သူဝန်ဆောင်မှု ဒစ်ဂျစ်တယ်စာကြည့်တိုက်စနစ် (Public Digital Library Service)၏ e-Book များ၌ ထည့်သွင်းဖော်ပြခွင့်ပြုရေး စာရေးဆရာကြီး ဆရာမကြီးများသို့ ပန်ကြားချက်

မြန်မာနိုင်ငံဒေသအနှံ့အပြားရှိ ပြည်သူများ စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနသည် Public Digital Library Service စနစ်အား တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်နှင့် မြို့နယ်များရှိ လူစည်ကားရာနေရာများတွင် တပ်ဆင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ Public Digital Library Service သည် အင်တာနက်မလိုဘဲ Laptop ကွန်ပျူတာများ၊ iPad, Tablet, Android ဖုန်းများနှင့် Netbook များဖြင့် စက်တည်ရှိရာနေရာမှ အတားအဆီးမရှိလျှင် ၆၅၀ မီတာပတ်လည်အတွင်း WiFi စနစ်ဖြင့် အလွယ်တကူ ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။ အဆိုပါ Public Digital Libary Service ၌ ထည့်သွင်းမည့် စာအုပ်များတွင် **ဖတ်ရှု၍ရရုံစနစ် (Read Only) စာအုပ်များနှင့် Soft Copy ကို ရယူနိုင်သည့်စနစ် (Download)** စာအုပ်များတို့ ပါရှိပါသည်။ သို့ဖြစ်ပါ၍ စာရေးဆရာကြီး ဆရာမကြီးများ၏ စာအုပ်များကို Public Digital Library Service အတွက် ထည့်သွင်းဖော်ပြလိုပါသဖြင့် စာပေဒါနအဖြစ် အလှူခံလိုပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် Public Digital Library Service အတွက် စက် ၁၀၀ ကို ၂၀၁၄ ခုနှစ် မတ်လအတွင်း စတင်ဖြန့်ဝေတပ်ဆင်မည်ဖြစ်ပါသည်။ စာရေးဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ၂၀၀၅ ခုနှစ်နှင့် မတိုင်မီက ထုတ်ဝေခဲ့သော **မိမိတို့၏ စာအုပ်များကို အသုံးပြုခွင့် ပြု/မပြုနှင့် Read Only သာ ခွင့်ပြုနိုင်မည် သို့မဟုတ် Download ပါ အသုံးပြုခွင့်ပေးနိုင်မည်**တို့ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် အရောက် ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လောလောဆယ် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ထုတ်ဝေသောစာအုပ်များကို ထည့်သွင်းဖော်ပြဦးမည် မဟုတ်သေးပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြို့နယ်ပြန်/ဆက်ရုံးများမှလည်း စာရေးဆရာကြီး၊ ဆရာမကြီးများနှင့် ဆက်သွယ်၍ သဘောထား ရယူတောင်းခံသွားမည်ဖြစ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်အချိန်ကာလအတွင်း အဆက်အသွယ်မရရှိပါက ဆရာကြီး ဆရာမကြီးများအနေဖြင့် မိမိတို့စာအုပ်များ လှူဒါန်းလိုပါလျှင် အောက်ပါပုဂ္ဂိုလ်များထံသို့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အရောက် ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(၁) မြန်မာနိုင်ငံစာရေးဆရာအသင်း
၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ရန်ကုန်မြို့။
(၂) ဒေါက်တာဒေါ်သီတာတင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၁၂၀၂၁၊ ၀၉-၈၆၀၂၁၈၈၊ thidahlaing009 @gmail.com
(၃) ဦးမျိုးမြင့်မောင်၊ အထွေထွေမန်နေဂျာ
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ဖုန်း-၀၁-၂၅၁၅၇၅၊ ၀၉-၄၃၀၈၅၀၄၄ mmmmm.6708@ gmail.com
(၄) ဦးအေးကြွယ်၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၉-၈၆၃၄၅၁၇
(၅) ဦးတင်သန်းဝင်း၊ ညွှန်ကြားရေးမှူး(ပြန်/ဆက်)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၁၂၁၆၄၊ ၀၉-၄၇၀၅၀၀၃၃
(၆) ဦးမြင့်ကျော်၊ ညွှန်ကြားရေးမှူး(သုတေသန)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၁၂၀၀၂၊ ၀၉-၈၃၀၅၇၆၄ myintkyaw103@gmail. com

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

# စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းကြောင့် မြေညီထပ်နေသူများ ညစ်ညမ်းမှုဒုက္ခနှင့်ကြုံတွေ့



ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ် စော/မြောက်ရပ်ကွက် ၄ဝါလမ်းနှင့်ဆင်မင်းလမ်းထောင့်ရှိ နောက်ဖေးလမ်းကြားတွင် အပေါ်ထပ်နေသူများ၏ စည်းကမ်းမဲ့အမှိုက်များ စွန့်ပစ်ချခြင်းကြောင့်၊ နောက်ဖေးရေမြောင်းများ ပိတ်ဆို့ရုံမျှမက နံစော်ညစ်ညမ်းသော အနံ့အသက်များပါ မြေညီထပ်နေသူများ ခံစားနေရသည်။

**ခံစားနေရ**

တစ်ခါတစ်ရံမီးမလာ၍ လေဝင်ရန်ဖွင့်ထားသောအခါများတွင် ဆိုးရွားသော အနံ့အသက်များသာမက တိုက်ခန်းတွင်းသို့ မသန့်ရှင်းသော အရည်များ၊ ဗွက်များဝင်၍လာခြင်းမျိုးလည်း ခံစားနေကြရသည်။

**ရင်ဆိုင်နေရ**

သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျအမှိုက်များ စွန့်ပစ်ရန် လမ်းညွှန်ထားသော်လည်း လိုက်နာမှုမရှိကြဘဲ အပေါ်ထပ်နေထိုင်သူများမှ လွယ်လွယ်ပင် အမှိုက်များ စွန့်ပစ်ခြင်းကြောင့် မြေညီထပ်နေသူများ အနံ့သက်ဆိုးများ၊ ညစ်ညမ်းပေကျံမှုများနှင့် ရင်ဆိုင်နေရကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**ရွှေတိုင်လွင်**

## ထင်သာမြင်သာ ပြုပြင်စရာ

နိုင်ငံတာဝန် ကျေပွန်အောင် ကျသင့်အခွန် မှန်မှန်ဆောင်






ပြည်တွင်းသတင်း



# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU အား ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံဆိုင်ရာ အကြီးတန်းအကြံပေး Ms.Judith Cefkin ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံဆိုင်ရာ အကြီးတန်းအကြံပေး Ms. Judith Cefkin ဦးဆောင်သောအဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr.Derek Mitchell လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

# Unity စာစောင်ပါ လျှို့ဝှက်ဓာတုလက်နက် စက်ရုံဆောင်းပါးကိစ္စနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဇန်နဝါရီ ၂၅ ရက်ထုတ် Unity စာစောင်အတွဲ(၃)၊ အမှတ်(၄)တွင် အမှတ်(၂၄)ကာကွယ်ရေးပစ္စည်းစက်ရုံအား လျှို့ဝှက်ဓာတုလက်နက်စက်ရုံ ခေါင်းစဉ်ဖြင့် ဓာတ်ပုံမှတ်တမ်းနှင့်တကွ ဖော်ပြထုတ်ဝေခဲ့သည်ကို တွေ့ရှိရပြီး ယင်းဖော်ပြထုတ်ဝေချက်သည် နိုင်ငံတော်၏ လျှို့ဝှက်ချက်များကို ပေါက်ကြားစေခြင်း၊ စက်ရုံ၏တားမြစ်နယ်မြေအတွင်း ခွင့်ပြုချက်မရှိဘဲ ချဉ်းကပ်ခြင်း၊ ကြည့်ရှုစစ်ဆေးခြင်း၊ ကျော်ဖြတ်ခြင်း၊ ဝင်ရောက်ခြင်း၊ ဓာတ်ပုံရိုက်ယူခြင်း၊ အားပေးကူညီခြင်းတို့ကြောင့် သတင်းရေးသားပေးပို့သူနှင့် ဂျာနယ်တိုက်တာဝန်ရှိသူအား စုံစမ်းအရေးယူပေးရန် ဇန်နဝါရီ ၃၀ ရက်တွင် သက်ဆိုင်ရာဌာနက ပေါက်မြို့မရဲစခန်းသို့ တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် (ပ) ၈/၂၀၁၄ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ ပုဒ်မ ၃ (၁) (က)/၉ ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

ဖေဖော်ဝါရီ ၁ ရက်တွင် ယင်းဥပဒေပုဒ်မ ၃ (၁)(က)/၉ဖြင့် အရေးယူဆောင်ရွက်နိုင်ရန် Unity ဂျာနယ်မှ ဦးတင်ဆန်းပါ ၅ ဦးအား ခေါ်ယူစစ်ဆေးမေးမြန်းခဲ့သည်။

၎င်းအမှုနှင့်ပတ်သက်၍ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ခြင်းသည် မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ ၁၂ အရ ရဲအရေးပိုင်မှုဖြစ်ကြောင်း ပြဋ္ဌာန်းထားသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၄ နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၁ နှင့်အညီ အမှုစစ် အရာရှိက သက်သေများအား စစ်ဆေးကာ ပြစ်မှုဆိုင်ရာ ဥပဒေကျင့်ထုံး ဥပဒေ ပုဒ်မ ၅၄ အရ ပြစ်မှုတွင် စပ်ဆိုင်ပါဝင်ကြောင်း မသင်္ကာဖွယ်ရာဖြစ်သူ Unity ဂျာနယ်မှ အမှုဆောင်အရာရှိချုပ် ဦးတင်ဆန်းပါ ငါးဦးအား ဖေဖော်ဝါရီ ၁ ရက်တွင် ခေါ်ယူထိန်းသိမ်းစစ်မေးခဲ့ခြင်းဖြစ်သည်။

ထိန်းသိမ်းထားသူများမှာ ပေါက်မြို့နေ ဦးလူမော်နိုင်(ခ)လင်းကျော်ဦး (ခ)လူမော် ၂၄ နှစ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးတင့်ဆန်း ၅၂ နှစ်၊ ဖျာပုံမြို့နေ ဦးစည်သူစိုး ၂၂ နှစ်၊ လှိုင်သာယာမြို့နယ်နေ ဦးသဲရာဇာဦး(ခ) ရာဇာဦး (ခ) ကိုသဲ ၂၈ နှစ်နှင့် မြောက်ဥက္ကလာပမြို့နယ်နေ ဦးအောင်သူရ(ခ) ပိုင်သက်ကျော် ၂၅ နှစ်တို့ဖြစ်ကြောင်း သိရှိရသည်။

ယင်းသို့ ဖမ်းဆီးရာတွင် ၂၄ နာရီထက် ကျော်လွန်ချုပ်ထားခြင်းမရှိဘဲ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၇ အရ ဦးတင့်ဆန်းပါလေးဦးအား ပုဇွန်တောင်မြို့နယ် တရားရုံးသို့ တင်ပို့၍ ဖေဖော်ဝါရီ ၁ ရက်မှ ၁၄ ရက်ထိ ချုပ်ရီမန်တောင်းခံထားကြောင်း၊ ဦးလူမော်နိုင်(ခ)လင်းကျော်ဦး(ခ)လူမော်အား ပေါက်မြို့နယ်တရားရုံးတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၁၄ ရက်အထိချုပ်ရီမန်တောင်းခံထားကြောင်း၊ ဖေဖော်ဝါရီ ၄ ရက်တွင် ပေါက်မြို့နေ ဦးလူမော်နိုင်၏ဇနီးမလွင်လွင်မြင့် ၃၈ နှစ်အား အမှုဖြင့် ထပ်မံထိန်းသိမ်းမေးမြန်းပြီး ပခုက္ကူမြို့နယ်တရားသူကြီး ဒေါ်ဆွေဆွေဝင်းက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၇ အရ အာမခံပေးခဲ့သည်။

အမှုအား စစ်ဆေးလျက်ရှိကြောင်းနှင့် ၎င်းတို့၏မိသားစုများကို ဥပဒေနှင့်အညီ တွေ့ဆုံခွင့်ပြုထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို စာအုပ်မျိုးစုံခင်းကျင်းပြသ

**နောင်ချို ဖေဖော်ဝါရီ ၅**

(၆၇)နှစ်မြောက်ပြည်ထောင်စုနေ့အားဂုဏ်ပြုကြိုဆိုသောအားဖြင့် နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်နှင့် စာအုပ်မျိုးစုံခင်းကျင်းပြသပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီက မြို့နယ် ပြန်/ဆက် ရုံးရှေ့၌ ကျင်းပသည်။ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်ပြည်သူများ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်၊ ပိုစတာ၊ တိုင်းကျိုးပြည်ပြုသတင်းဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်မျိုးစုံတို့ကို စိတ်ဝင်စားစွာလေ့လာကြည့်ရှုကြကြောင်း သိရသည်။ **(ဝမ်း)**



နိုင်ငံတကာသတင်း



စစ်အတွင်း ကွဲကွာခဲ့သော ကိုရီးယားမိသားစုများ ၂၀၁၀ ခုနှစ်က ပြန်လည်တွေ့ဆုံခဲ့ကြစဉ်။

# စစ်အတွင်းကွဲကွာခဲ့သော ကိုရီးယားမိသားစုများ မြောက်ကိုရီးယားအပန်းဖြေစခန်း၌ တွေ့ဆုံကြမည်

**ဆိုးလ် ဖေဖော်ဝါရီ ၅**

တောင်-မြောက်ကိုရီးယားနှစ်နိုင်ငံသည် ပြီုယမ်းက ဆက်ဆံရေးတိုးတက်အောင် ဆော်ဩနေချိန် ကိုရီးယားစစ်ပွဲပြီးနောက် ကွဲကွာခဲ့သော မိသားစုများ ပြန်လည်တွေ့ဆုံပွဲပြုလုပ်ရန် သဘောတူလိုက်သည်။

အဆိုပါ ပေါင်းစည်းတွေ့ဆုံပွဲသည် ယခုဖေဖော်ဝါရီလအတွင်း ပြုလုပ်ရန် စီစဉ်ထားရာ ၂၀၁၀ ခုနှစ်နောက်ပိုင်း ပထမဆုံး တွေ့ဆုံပွဲဖြစ်လာဖွယ်ရှိသည်။ စက်တင်ဘာလအတွင်းက တောင်ကိုရီးယား၏ ရန်လိုပြောဆိုမှုကြောင့် မြောက်ကိုရီးယားဘက်မှ ပြန်လည်တွေ့ဆုံရန်စီစဉ်ထားခြင်းကို ဖျက်သိမ်းလိုက်သည်။

ယင်းတွေ့ဆုံပွဲသည် ယခုလကုန်ပိုင်း အမေရိကန်-တောင်ကိုရီးယား နှစ်ပတ်လည် ပူးတွဲစစ်ရေးလေ့ကျင့်မှု မပြုလုပ်မီ ထွက်ပေါ်လာခြင်းဖြစ်သည်။ ယင်းစစ်ရေးလေ့ကျင့်မှုသည် မြောက်ကိုရီးယားတို့အတွက် ဒေါသထွက်ဖွယ်ရှိသည်။ ၁၉၅၀-၁၉၅၃ စစ်ပွဲအပြီး ကိုရီးယားကျွန်းဆွယ် နှစ်ပိုင်းကွဲသွားခြင်းဖြင့် သန်းပေါင်းများစွာသော ကိုရီးယားမိသားစုများလည်း နှစ်ပိုင်းကွဲသွားခဲ့ရသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားများကို မြောက်ကိုရီးယားနိုင်ငံအတွင်း တွေ့ဆုံလေ့ရှိသည်။ ယင်းအစီအစဉ်ကို ၂၀၁၀ ခုနှစ် နိုဝင်ဘာလက တောင်ကိုရီးယားနယ်စပ်ကျွန်းပေါ် မြောက်ကိုရီးယား ဒုံးကျည်ကျရောက်ခဲ့ပြီးနောက် ဆိုင်းငံ့ထားခဲ့သည်။

ယခုတွေ့ဆုံမှုကို မြောက်ကိုရီးယားနိုင်ငံ ကွန်ဂန်းအပန်းဖြေစခန်းတောင်၌ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၅ ရက်အထိ တွေ့ဆုံရန်စီစဉ်ထားသည်။ **(ဘီဘီစီ)**

# ဓာတုလက်နက်များအားလုံး လစ်ဗျားဖျက်ဆီး

**ထရီပိုလီ ဖေဖော်ဝါရီ ၅**

လစ်ဗျားနိုင်ငံ၏ ဓာတုလက်နက်အားလုံးကို ဖျက်ဆီးပစ်လိုက်ပြီဖြစ်ကြောင်း ယင်းနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးက ကြေညာလိုက်သည်။

ဓာတ်ငွေ့အပြည့်ထည့်ထားသော ဗုံးနှင့်အမြောက်ကျည်များအပါအဝင် ဓာတုလက်နက်များကို ဖျက်ဆီးလိုက်ပြီဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်အဗ္ဗဒဲလာဇစ်က ပြောကြားလိုက်သည်။

လစ်ဗျားနိုင်ငံတွင် ဆာလဖာမက်စတတ်ဓာတ်ငွေ့ ၂၅ တန်နှင့် ဓာတ်ငွေ့မဖြည့်ရသေးသည့် ထောင်ပေါင်းများစွာသော ဗုံးများရှိကြောင်း ယင်းနိုင်ငံက ၂၀၀၄ ခုနှစ်တွင် ပြောကြားခဲ့သည်။

ထရီပိုလီက ၎င်း၏ဓာတုလက်နက်များကို ၎င်းတို့ကိုယ်တိုင်ဖျက်ဆီးမည်ဟု ဓာတုလက်နက်တားဆီးရေးအဖွဲ့(စီဒဗလျူစီ)နှင့် စာချုပ်ထားသည်။ လစ်ဗျားနိုင်ငံသည် ဒေသတွင်းနိုင်ငံများကို ခြိမ်းခြောက်လာနိုင်သည့် ဓာတုလက်နက်များကို လုံးဝဖျက်ဆီးနိုင်သည့် နိုင်ငံဖြစ်လာကြောင်း မစ္စတာအဗ္ဗဒဲလာဇစ်က မြို့တော်ထရီပိုလီ၌ အင်္ဂါနေ့က ပြောကြားလိုက်ခြင်းဖြစ်သည်။

ယင်းကိစ္စသည် ကနေဒါ၊ ဂျာမနီနှင့်အမေရိကန်တို့၏ နည်းပညာအကူအညီအပါအဝင် နိုင်ငံတကာအကူအညီမပါဘဲ အချိန်တိုအတွင်း လုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။ ယင်းဓာတုလက်နက်များ ဖျက်ဆီးနိုင်မှုသည် ဇန်နဝါရီ ၂၆ ရက်က ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု လစ်ဗျားနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။အဆိုပါ နိုင်ငံခြားရေးဝန်ကြီးက ဓာတုလက်နက်တားဆီးရေးအဖွဲ့အကြီးအကဲ အာမက်နှင့်တွေ့ဆုံစဉ် ပြောကြားလိုက်ခြင်းဖြစ်သည်။ မစ္စတာ အူဇမ်မူသည် လွန်ခဲ့သော သီတင်းပတ်က လစ်ဗျားဓာတုလက်နက်များ ဖျက်ဆီးရာနေရာ ရူဝါဂါသို့ ရောက်ရှိနေခဲ့သည်။ ယင်းကဲ့သို့ ဆောင်ရွက်နိုင်ခြင်းမှာ လစ်ဗျားနိုင်ငံ၏ထူးခြားသည့် သမိုင်းမှတ်တိုင်သစ်ကို စိုက်ထူလိုက်ခြင်းဖြစ်သည်ဟု ၎င်းကပြောကြားသည်။ **(ဘီဘီစီ)**



# ကြက်ငှက်ဖိုင်းရပ်စ်ပိုးအသစ်တွေ့ရှိ

**နန်ချောင် ဖေဖော်ဝါရီ ၅**

တရုတ်နိုင်ငံအတွင်း အမျိုးသမီးတစ်ဦးသေဆုံးခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါသစ် ပျံ့နှံ့ကူးစက်လာမည်ကို ကျွမ်းကျင်သူများက စိုးရိမ်ပူပန်လျက်ရှိသည်။

နန်ချောင်မြို့မှ အသက် ၇၃ နှစ်ရှိ အမျိုးသမီးတစ်ဦးသည် ကြက်ဘဲဈေးတစ်ဈေးသို့ သွားရောက်ခဲ့ပြီးနောက် $H_{10}N_8$ ဗိုင်းရပ်စ် ကူးစက်ခံရကြောင်း၊ သို့သော်လည်း မည်သည့်ရင်းမြစ်မှ စတင်ကူးစက်သည်ကိုမသိရကြောင်း သတင်းတွင်ဖော်ပြသည်။ ယင်းကူးစက်ခံရမှုသည် တရုတ်နိုင်ငံ ကျန်စီပြည်နယ်၌ဖြစ်ပွားခဲ့ပြီးနောက် ဒုတိယမြောက်ကူးစက်ခံရသူဖြစ်လာသည်။

မကြာသေးသည့် လများက အလားတူ ဗိုင်းရပ်စ်မျိုးဖြစ်သည့် $H_7N_9$ ဗိုင်းရပ်စ် ကူးစက်မှုဖြစ်ပွားခဲ့ရာ ကူးစက်ခံရသူ လေးပုံတစ်ပုံသေဆုံးခဲ့ရသည်။

ဒုတိယမြောက် $H_{10}N_8$ ဗိုင်းရပ်စ် ကူးစက်မှုကို တရုတ်နိုင်ငံ ကျန်စီပြည်နယ်၌ ဇန်နဝါရီ ၂၆ ရက်က ဖြစ်ပွားခဲ့သည်ကို အတည်ပြုနိုင်ခဲ့ကြောင်း နန်ချောင်ရောဂါထိန်းချုပ်ရေးနှင့် တားဆီးရေးဌာနမှ ဒေါက်တာမင်ဘင်းက ပြောသည်။ သိပ္ပံပညာရှင်များက ယင်းဗိုင်းရပ်စ်ပိုး ပျံ့နှံ့လာမည်ကို စိုးရိမ်နေကြသည်။ **(ဘီဘီစီ)**

# ပက်ရှ်ဝါမြို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား ကိုးဦးသေဆုံး၊ ၅၀ ဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၅**

ပါကစ္စတန်အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့ စားသောက်ဆိုင်တစ်ဆိုင်တွင် အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားရာ ကိုးဦးသေဆုံးခဲ့ပြီး အခြား ၅၀ မှာ ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဖြစ်စဉ်မှာ ပါကစ္စတန်အနောက်မြောက်ပိုင်းပြည်နယ် မြို့တော်ပက်ရှ်ဝါမြို့လယ်ကောင်ရှိ လူစည်ကားသောဈေးအတွင်း စားသောက်ဆိုင်တစ်ဆိုင်တွင် အသေခံဗုံးခွဲသမားသည် သူ၏ခန္ဓာကိုယ်တွင် ဖောက်ခွဲရေးပစ္စည်းများဝတ်ဆင်ကာ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိက ပြောကြားသည်။ ယင်းပေါက်ကွဲမှုတွင် ရှစ်ဦးမှာ ပွဲချင်းပြီးသေဆုံးသွားပြီး ၅၀ မှာ ဒဏ်ရာများရရှိခဲ့သည်။ ရဲများ၊ လုံခြုံရေးတပ်ဖွဲ့များနှင့် ကယ်ဆယ်ရေးအဖွဲ့များက ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ပို့ဆောင်ခဲ့ရာ တစ်ဦးမှာ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့သည်။ အစောပိုင်း ဖော်ပြချက်များအရ ဖောက်ခွဲမှုမှာ ဟိုတယ်တစ်ခုကို ပစ်မှတ်ထားခဲ့သည်ဟုသိရပြီး ရဲများကမူ စားသောက်ဆိုင်ကိုသာ အဓိကပစ်မှတ်ထားသည်ဟုဆိုသည်။ ယင်းဖောက်ခွဲမှုကြောင့် စားသောက်ဆိုင်အနီးဝန်းကျင်ရှိ အခြားဆိုင်လေးဆိုင်နှင့် ကားများ ပျက်စီးသွားကြောင်း သိရသည်။ **(ဆင်ဟွာ)**



လွန်ခဲ့သော၁၉၃၀ခုနှစ်တွင်တည်ထားပြီးစီးပုံ
(၆၂'×၆၂'×ဉာဏ်တော်၁၄')

## သံသရာဝေအေးမဟာဗောဓိစေတီတော်

ကျိုက်ထိုမြို့
အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာနှင့် ရွှေထီးတော်တင်
မဟာမင်္ဂလာ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်၊
မဟာမင်္ဂလာပိတ်ကြားလွှာ



ယခုပြီးစီးနေပုံ
(၇၅'×၇၅'×ဉာဏ်တော်၁၅၀'-၆")

[illegible]

ကျိုက်ထိုမြို့ ... [illegible]

ပြည်တွင်းသတင်း

# Telenor Myanmar နှင့် မီဒီယာများတွေ့ဆုံပွဲအခမ်းအနား နေပြည်တော်၌ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

Telenor Myanmar က မြန်မာနိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ရေးလိုင်စင်အား မြန်မာအစိုးရနှင့် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း အထိမ်းအမှတ်အဖြစ် မီဒီယာများနှင့်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ် GRAND BALL-ROOM ၌ ကျင်းပပြီး Telenor Group ၏ အမှုဆောင်ဒုတိယဥက္ကဋ္ဌနှင့် အာရှဒေသဆိုင်ရာအကြီးအကဲ Mr. Sigve Brekke နှင့် Telenor Myanmar ၏ အမှုဆောင်အရာရှိချုပ် Mr.Petter Furberg တို့က မြန်မာနိုင်ငံတွင် တီထွင်ဆန်းသစ်မှုရရှိကာ ဈေးနှုန်းသက်သာပြီး အလွယ်တကူ လက်ဝယ်ရရှိနိုင်သော မိုဘိုင်း ဆက်သွယ်ရေးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အောင်မြင်စွာပေးနိုင်ရန် အဓိက ရည်စူးလုပ်ဆောင်နေသည့် အချက်အလက်များအား အသိပေးရှင်းလင်းပြောကြားသည်။



Telenor Myanmar က မြန်မာနိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ရေးလိုင်စင်အား မြန်မာအစိုးရနှင့် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း အထိမ်းအမှတ်အဖြစ် မီဒီယာများနှင့်တွေ့ဆုံပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

**ရှင်းလင်းပြောကြား**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများမှ သတင်းထောက်များက မိုဘိုင်းအင်တာနက် ကောင်းမွန်စွာ အသုံးပြုနိုင်ရေးနှင့် အခြားဝန်ဆောင်မှုများအတွက် မိုဘိုင်း Network တည်ထောင်မည့်အစီအစဉ်၊ ထုတ်လုပ်ရောင်းချမည့် Sim Card အရေအတွက်၊ စတင်ရောင်းချမည့်အချိန်နှင့် တန်ဖိုး၊ ငွေဖြည့်ကတ်ထုတ်လုပ်ရောင်းချမည့်အစီအစဉ်၊ ခေါ်ဆိုခနှုန်းထားသတ်မှတ်မှု၊ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ပေးနိုင်မှု၊ တာဝါတိုင်များ တည်ထောင်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ Mr. Sigve Brekke နှင့် Mr. Petter Furberg တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ မီဒီယာတွေ့ဆုံပွဲသို့ Telenor Group ၏ အမှုဆောင်ဒုတိယဥက္ကဋ္ဌနှင့် အာရှဒေသဆိုင်ရာအကြီးအကဲ Mr. Sigve Brekke၊ Telenor Myanmar ၏အမှုဆောင်အရာရှိချုပ် Mr. Petter Furberg နှင့် Telenor Myanmar မှ ဝန်ထမ်းမိသားစုများ၊ သတင်းစာ၊ ဂျာနယ်နှင့် သတင်းဌာနများမှ သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ ဆက်သွယ်ရေးလိုင်စင်တွင် 900MHz နှင့် 2.1 GHz အတွင်းရှိ လိုင်းများပါဝင်ပြီး ၁၅ နှစ်ကြာ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။ Telenor Myanmar မှ မြန်မာပြည်သူများအားလုံးအတွက် လွယ်ကူသက်သာသော မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးနိုင်ရန် ဦးတည်ထားပြီး လိုင်စင်ရရှိပြီး ရှစ်လတွင် ဝန်ဆောင်မှုစတင်မည်ဖြစ်သည်။

Telenor သည် HSPA နှင့် LTE-ready နည်းပညာများကို အသုံးပြု၍ အကောင်းဆုံး မိုဘိုင်းကွန်ရက်ကို တည်ဆောက်သွားမည်ဖြစ်ပြီး ငါးနှစ်အတွင်း မြန်မာနိုင်ငံရှိ လူဦးရေ ၉၀ ရာခိုင်နှုန်းကို ကွန်ရက်လွှမ်းခြုံဖြန့်ကြက်ပေးနိုင်ရန် စီစဉ်ထားသည့်အပြင် Telenor ၏ ကနဦး ဝန်ဆောင်မှုအနေဖြင့် ဖုန်းဆက်သွယ်ခြင်း (Voice) နှင့် အင်တာနက်အသုံးပြုခြင်း (Data) တို့ကို 2G နှင့် 3G ကွန်ရက်များပေါ်တွင် စတင်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကာ သုံးစွဲသူများအား အကောင်းဆုံးဖုန်းခေါ်ဆိုမှု အရည်အသွေးနှင့် မြန်နှုန်းမြင့်သော အင်တာနက်ချိတ်ဆက်မှုကို အာမခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပေါင်မြို့နယ်တွင် ဒစ်ဂျစ်တယ် မီတာများ နေ့ချင်းပြီး တပ်ဆင်ပေး

**ပေါင် ဖေဖော်ဝါရီ ၅**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် အိမ်တိုင်း လျှပ်စစ်မီတာတပ်ဆင်နိုင်ရေးအတွက် မွန်ပြည်နယ် ပေါင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန ဝန်ထမ်းများက (Digital)မီတာများကို အိမ်တိုင်ရာရောက် နေ့ချင်းပြီး တပ်ဆင်ပေးလျက်ရှိသည်။

အဆိုပါ ဒစ်ဂျစ်တယ်မီတာ သတ်မှတ်ကြေးမှာ ငွေကျပ် ၆၅၀၀၀ ဖြစ်ပြီး မီတာပုံးခွံငွေကျပ် ၁၅၀၀၀၊ အာမခံ စဘော်ငွေကျပ် ၄၀၀၀၊ ကြိုးသွယ်ခ ငွေကျပ် ၂၀၀၀၊ မီးဆက်ခ ငွေကျပ် ၂၀၀၀၊ ကြီးကြပ်ခ ငွေကျပ် ၁၀၀၀၊ မီတာလျှောက်လွှာ ငွေကျပ် ၁၀၀၀ စုစုပေါင်းငွေကျပ် ၉၀၀၀၀ ဖြင့် မည်သူမဆို မူဘောင်နှင့်ညီညွတ်ပါက နေ့ချင်းပြီး ဒစ်ဂျစ်တယ် မီတာများ တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

**မိချို(iprd)**

❐ **ရှေ့ဖုံးမှ**

သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှတစ်ဆင့် စနစ်တကျ စိစစ်ပြီး မူလသက်ဆိုင်သူများထံသို့ ယခုအခါ ဒုတိယအကြိမ် ထပ်မံစွန့်လွှတ်ပေးမည်ဖြစ်သည်။

တပ်မတော်မှ ပြန်လည်စွန့်လွှတ်ပေးလျက်ရှိသော မြေများနှင့် ပတ်သက်၍ သိမ်းဆည်းမြေများအပေါ် ပြန်လည်စွန့်လွှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင်-

- ပြည်ထဲရေးအမိန့် ရယူသိမ်းဆည်းခဲ့သည့် မြေများအား ပြန်လည်စွန့်လွှတ်ပေးမည့် တပ်ရင်း/တပ်ဖွဲ့များသည် မြေယာအမှုတွဲဖွင့်လှစ်၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး(ကော်လိပ်တော်အရာရှိ)မှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ပြင်ဆင်ထုတ်ပြန်ရန် တင်ပြအပ်နှံရမည်။
- အဆိုပါမြေများအား ပြည်ထဲရေးဝန်ကြီးဌာနမှ မြေသိမ်းပယ်ဖျက်သည့် အမိန့်ထုတ်ပြန်ပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လွှဲပြောင်းပေးပြီး သက်ဆိုင်သောတောင်သူများမှ ပြန်လည်လုပ်ကိုင်ခွင့်ရရှိရန် သက်ဆိုင်ရာမြေယာစီမံခန့်ခွဲရေးအဖွဲ့သို့ လျှောက်ထားရယူရမည်။
- လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးဥပဒေပုဒ်မ(၃၉)အရ သိမ်းဆည်းထားသောမြေများအား ပြန်လည်စွန့်လွှတ်ပေးမည့် တပ်ရင်း/တပ်ဖွဲ့များမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြအပ်နှံရမည်။
- တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ လန(၃၉)အား ပယ်ဖျက်အမိန့်ထုတ်ပြန်၍ စွန့်လွှတ်မြေများအား ခရိုင်/မြို့နယ် မြေယာစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် သက်ဆိုင်သူများသို့ ပြန်လည်ပေးအပ်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်သူများမှလည်း လုပ်ကိုင်ခွင့် ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။
- မြေစာရင်းပုံစံ(၁၀၅)တပ်အစီအစဉ်ဖြင့် လုပ်ပိုင်ခွင့်ရယူသိမ်းဆည်းထားသောမြေနှင့် ယခင်ကာလသိမ်းဆည်းရေးဆောင်ရွက်ဆဲမြေများအား တပ်ရင်း/တပ်ဖွဲ့များမှ ပြန်လည်စွန့်လွှတ်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံသို့ တင်ပြခွင့်ပြုချက်ရယူ၍ သက်ဆိုင်ရာမြေယာစီမံခန့်ခွဲမှုအဖွဲ့များထံသို့ အပ်နှံရမည်။
- ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စုမြေယာစီမံခန့်ခွဲမှုအဖွဲ့များမှ သက်ဆိုင်သူများသို့ ပြန်လည်အပ်နှံပေးရမည်ဖြစ်ပြီး သက်ဆိုင်သူများမှလည်း လုပ်ပိုင်ခွင့်ပြန်လည်လျှောက်ထားရယူရမည်ဖြစ်သည်။

တပ်မတော်က ပြန်လည်စွန့်လွှတ်ပေးလျက်ရှိသော မြေများအား တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ခွင့်ပြုချက်ဖြင့် ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာ မြေယာစီမံခန့်ခွဲရေးအဖွဲ့များသည် ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် ပြန်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သိမ်းဆည်းမြေများအပေါ် ပြန်လည်စွန့်လွှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်စွန့်လွှတ်ပေးမည်ဖြစ်သည်။ တပ်မတော်က သိမ်းဆည်းထားသောမြေများအား မူလသက်ဆိုင်သူသို့ ပြန်လည်စွန့်လွှတ်ပေးရာတွင် ယခုအကြိမ်အပါအဝင် စုစုပေါင်းမြေ ၂၀၉၁၄၇. ၁၀၅ ဧက ရှိပြီဖြစ်သည်။

ထို့အပြင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဦးဆောင်သော ကာကွယ်ရေးဆိုင်ရာ ဆပ်မကော်မတီ (Delivery Unit) အဖွဲ့များကလည်း မူလသက်ဆိုင်သူများ၏ လက်ဝယ်သို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းနိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ဆက်သွယ်၍ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## တပ်မတော်က ဒုတိယအကြိမ် စိစစ်ပြန်လည်စွန့်လွှတ်ပေးမည့်မြေများစာရင်း

ရက်စွဲ၊ ၅-၂-၂၀၁၄။

| စဉ် | တိုင်း/ပြည်နယ် | ပြည်ထဲရေးအမိန့်ရယူသိမ်းဆည်းမြေ | လန(၃၉)ရယူသိမ်းဆည်းမြေ | မြေစာရင်းပုံစံ(၁၀၅/၁၀၆)ရယူသိမ်းဆည်းထားသောမြေ | တပ်အစီအစဉ်ဖြင့်လုပ်ပိုင်ခွင့်ရယူသိမ်းဆည်းထားသောမြေ | ယခင်ကာလသိမ်းဆည်းရေးဆောင်ရွက်ဆဲမြေ | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | - | - | ၁၁၆. ၀၀၀ | - | ၆၈. ၄၀၀ | ၁၈၄. ၄၀၀ | |
| ၂ | ကချင် | - | - | ၂၉၈၅၀. ၂၀၀ | - | ၈၃၉၀. ၀၈၀ | ၃၈၂၄၀. ၂၈၀ | |
| ၃ | ကယား | ၄၂၇. ၀၀၀ | - | - | - | ၂၄၁. ၁၈ | ၆၆၈. ၁၈ | |
| ၄ | ကရင် | - | - | ၇၁၉. ၄၀ | ၆၂၆. ၇၂ | ၂၁၀. ၂၀ | ၁၅၅၆. ၃၂ | |
| ၅ | ချင်း | - | - | - | - | ၂၂၂. ၈၈ | ၂၂၂. ၈၈ | |
| ၆ | စစ်ကိုင်း | - | ၉၂၀. ၀၀ | ၅၉၅၉. ၅၀ | ၁၃၉၀၃. ၁၃ | ၈၄၅၆. ၄၉ | ၂၉၂၃၉. ၁၂ | |
| ၇ | တနင်္သာရီ | - | ၃၄၂. ၇၆၀ | ၁၂၆၁. ၀၇၀ | ၇၄၈. ၇၁၀ | - | ၂၃၅၂. ၅၄၀ | |
| ၈ | ပဲခူး | ၄၃၉၀. ၇၀၀ | ၂၀၇၆. ၂၅၀ | ၆၂၀၀. ၈၅၀ | ၆၀၀. ၅၀၀ | ၂၀၄၈. ၀၀၀ | ၁၅၃၁၆. ၃၀၀ | |
| ၉ | မကွေး | - | - | ၅၉၂. ၁၈ | ၁၉၆၃. ၁၆ | ၁၀၄၂. ၅၄ | ၃၅၉၇. ၈၈ | |
| ၁၀ | မန္တလေး | ၆၈၄. ၆၆၀ | ၄၈၂. ၄၃၀ | - | ၁၉၃၇. ၆၂၀ | ၇၄၀. ၀၀၀ | ၃၈၄၄. ၇၁၀ | |
| ၁၁ | မွန် | - | - | ၁၆၂၅. ၄၆ | ၁၇၇၂. ၄၃ | ၃၂၃. ၈၁ | ၃၇၂၁. ၇၀ | |
| ၁၂ | ရခိုင် | ၁၇၆၀. ၆၁၀ | - | ၉၀၅၂. ၃၀၀ | ၃၉၁၄. ၁၆၀ | ၃၂၉၂. ၈၈၀ | ၁၈၀၁၉. ၉၅၀ | |
| ၁၃ | ရန်ကုန် | - | - | ၁၃၇. ၆၂၀ | ၇၃၇. ၂၅၀ | ၄၈၄၉. ၄၁၀ | ၅၇၂၄. ၂၈၀ | |
| ၁၄ | ရှမ်း | ၁၄၂၀၈. ၇၃၄ | ၄၇. ၁၁၀ | ၆၉၅၄. ၈၂၀ | ၇၃၄၀. ၄၇၀ | ၃၆၅၂. ၄၉၂ | ၃၂၂၀၃. ၅၆၂ | |
| ၁၅ | ဧရာဝတီ | - | - | ၆၉၅၄. ၈၂၀ | - | - | - | မှတ်ချက်(၄) |
| | **စုစုပေါင်း** | **၂၁၄၇၁.၆၇၀** | **၃၈၆၈.၅၄၀** | **၆၂၄၆၉.၃၈၀** | **၃၃၅၄၄.၁၅၀** | **၃၃၅၃၈.၃၆၂** | **၁၅၄၈၉၂.၁၀၂** | |

**မှတ်ချက်။**
(၁) ပြည်ထဲရေးအမိန့်ရယူသိမ်းဆည်းမြေ(၂၁၄၇၁. ၆၇)ဧကအား ကော်လိပ်တော်အရာရှိထံမှစ၍ အမှုတွဲဖွင့်ပြီး ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။
(၂) လ/န(၃၉)ရယူသိမ်းဆည်းမြေ(၃၈၆၈. ၅၄)ဧကအား တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ လ/န(၃၉)ပယ်ဖျက်ဆောင်ရွက်၍ အပ်နှံပေးသွားပါမည်။
(၃) ကျန်မြေ(၁၂၉၅၅၁. ၈၉၂)ဧကအား တိုင်းဒေသကြီး/ပြည်နယ် မြေယာစီမံခန့်ခွဲမှုအဖွဲ့သို့ စွန့်လွှတ်အပ်နှံပေးရပါမည်။
(၄) ဧရာဝတီတိုင်းဒေသကြီးတွင် မြေ(၉၃၃၅. ၄၁)ဧကအား ပထမအကြိမ်တွင် စွန့်လွှတ်ပေးခဲ့ပြီးဖြစ်ပါသည်။

ဆောင်းပါး

# မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်၊ မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေးအောင်မြင်

ဒေါက်တာ မောင်မောင်သိမ်း

မြန်မာနိုင်ငံအစိုးရအနေဖြင့် နှစ်အဆက်ဆက် ကြွေးကျန်များရှင်းလင်းရန် ပြုလုပ်ခဲ့ပါတယ်။ ဒီလိုပြုလုပ်မှုမှာ အကူအညီရဖို့အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ရဲ့ ဝန်ထမ်းများနဲ့ အနီးကပ်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Staff Monitored Programme-SMP) ဆိုတာကို IMF နဲ့ ပူးပေါင်းအကောင်အထည်ဖော်ခဲ့ပါတယ်။ အဲဒီအစီအစဉ်အရ IMF က စီးပွားရေးပညာရှင်၊ စာရင်းအင်းပညာရှင်ဝန်ထမ်းများ မြန်မာနိုင်ငံကို လာရောက်ပြီး မြန်မာပြည်ရဲ့ မက်ခရိုစီးပွားရေးအခြေအနေများကို လေ့လာအကြံပြုပေးခဲ့ကြပါတယ်။ အဆိုပါအစီအစဉ်ကို ၂၀၁၃ ဇန်နဝါရီလ ၁ ရက်မှ စတင်ပြီး တစ်နှစ်ပြုလုပ်ရာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ ပြီးဆုံးပြီဖြစ်ပါတယ်။

အဆိုပါအစီအစဉ်အရ IMF မှ စီးပွားရေးနှင့် စာရင်းအင်းပညာရှင်များဟာ မြန်မာနိုင်ငံကို စုစုပေါင်း သုံးကြိမ်လာရောက်ခဲ့ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ကိုသာမက လွှတ်တော်အဆင့်ဆင့်နဲ့ နယ်ဘက်၊ အရပ်ဘက် အဖွဲ့အစည်းများကိုပါ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ ဦးစွာ ၂၀၁၂ ခု ဒီဇင်ဘာလမှာ လာရောက်ပြီး မြန်မာနိုင်ငံရဲ့ မက်ခရိုစီးပွားရေးဆိုင်ရာ ရည်မှန်းချက်များထားရှိခဲ့ပြီး လေ့လာဆန်းစစ်မှုကိုတော့ နှစ်ကြိမ်လာရောက်ပြုလုပ်ခဲ့ပါတယ်။ ပထမအကြိမ်ဆန်းစစ်မှုကို ၂၀၁၃ ခု မေလနဲ့၊ ဒုတိယနဲ့ နောက်ဆုံးအကြိမ် ဆန်းစစ်မှုကို ၂၀၁၄ ဇန်နဝါရီလတွင် လာရောက်ပြုလုပ်ခဲ့ပြီး နောက်ဆုံးအစီရင်ခံစာထုတ်ပြန်ခဲ့ပါတယ်။

ဒီအစီရင်ခံစာဟာ မြန်မာနိုင်ငံရဲ့ လက်ရှိမက်ခရိုစီးပွားရေးအခြေအနေ၊ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေး လျှောက်လှမ်းမှုစတာတွေကို ဖော်ထုတ်ခဲ့ပါတယ်။ အဲဒီအစီရင်ခံစာပါ အရေးကြီးတဲ့အချက်အချို့ကို ထုတ်ပြရရင် အောက်ပါအတိုင်း တွေ့ရပါမယ်-

**စီးပွားရေးတိုးတက်မှုနှုန်း**

| ဘဏ္ဍာရေးနှစ် | စီးပွားရေးတိုးတက်မှုနှုန်း | မှတ်ချက် |
|---|---|---|
| ၂၀၁၂-၂၀၁၃ | ၇. ၃ % | ၆. ၂၅ %သာ မှန်းထားသဖြင့် ခန့်မှန်းထားသည်ထက် မြင့်ပါသည်။ |
| ၂၀၁၃-၂၀၁၄ | ၇. ၅% | လက်တွေ့အခြေအနေမသိရသေးပါ။ |
| ၂၀၁၄-၂၀၁၅ | ၇. ၇၅% | လက်တွေ့အခြေအနေမသိရသေးပါ။ |

မြန်မာနိုင်ငံရဲ့ အထက်ဖော်ပြပါ စီးပွားရေးတိုးတက်မှုနှုန်းကို ကြည့်ရင် ကမ္ဘာ့နိုင်ငံတွေအလယ်မှာ "မဆိုးဘူး" လို့ ပြောလို့ရတဲ့ အနေအထားပါ။ ဘာကြောင့်လဲဆိုရင် ၇ % ကျော် တိုးတက်တဲ့နိုင်ငံဟာ လက်ချိုးရေတွက်လို့ရပါတယ်။ အိမ်နီးချင်းအင်အားကြီးနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံဟာ ၂၀၁၃ မှာ ၇. ၇ % တိုးတက်ခဲ့ပါတယ်။ မြန်မာနိုင်ငံထက် ၀. ၇ % သာပါတယ်။ ကျန်တဲ့နိုင်ငံတွေထက်ကတော့ မြန်မာနိုင်ငံက သာပါတယ်။ ဒီဇယားလေးကြည့်ကြည့်စမ်းပါ။

| နိုင်ငံ | ၂၀၁၃ စီးပွားရေးတိုးတက်မှုနှုန်း |
|---|---|
| ဗြိတိန် | ၂. ၈% |
| အမေရိကန်ပြည်ထောင်စု | ၂% |
| နော်ဝေ | ၂. ၁% |
| အင်ဒိုနီးရှား | ၅. ၆၂% |
| ဂျာမနီ | ၁. ၁% |
| ဂျပန် | ၂. ၄% |
| မလေးရှား | ၅% |
| ထိုင်း | ၂. ၇% |
| မြန်မာ | ၇. ၃% |

**ဘတ်ဂျက်လိုငွေပြမှု**

| ဘဏ္ဍာရေးနှစ် | IMF ၏ မှန်းဆချက် | လက်တွေ့အခြေအနေ |
|---|---|---|
| ၂၀၁၃-၂၀၁၄ | ဂျီဒီပီ၏ ၅ % | ဂျီဒီပီ၏ ၄. ၈၇ % (ပြုပြင်ပြီးခန့်မှန်းခြေ) |
| ၂၀၁၄-၂၀၁၅ | ဂျီဒီပီ၏ ၄. ၅% | မသိရသေးပါ။ |

ဘတ်ဂျက်လိုငွေပြမှုမှာလည်း ဇယားမှာတင်ပြထားတဲ့အတိုင်း မြန်မာနိုင်ငံရဲ့ ဘတ်ဂျက်လိုငွေပြမှုဟာ ဂျီဒီပီရဲ့ ၄. ၈၇% သာရှိတဲ့အတွက် ကမ္ဘာနဲ့စာရင် အကောင်းဆုံးထဲမှာ မပါသေးပေမယ့် အညံ့ထဲမဝင်ဘူးဆိုတာ တွေ့နိုင်ပါတယ်။ OECD က ၂၀၁၃ နိုဝင်ဘာလမှာ ထုတ်ပြန်တဲ့စာရင်းဇယားများအရ ဗြိတိန်နိုင်ငံဟာ ၂၀၁၂ မှာ ဘတ်ဂျက်လိုငွေပြမှုဟာ ဂျီဒီပီရဲ့ ၁၃. ၈% ရှိပြီး ၂၀၁၃ မှာ ၁၁. ၃% ရှိခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာလည်း ၂၀၁၂ မှာ ၉. ၃%၊ ၂၀၁၃ မှာ ၆. ၅ % တောင်ရှိခဲ့ပြီး ဂျပန်နိုင်ငံဆိုရင် ၂၀၁၂ မှာ ၉. ၅% နဲ့ ၂၀၁၃ မှာ ၁၀% တောင်ရှိခဲ့ပါတယ်။ အိန္ဒိယနိုင်ငံလည်း ၂၀၁၂ မှာ ၇. ၆%၊ ၂၀၁၃ မှာ ၇. ၂% ရှိခဲ့ကြောင်း တွေ့ရပါတယ်။ ဒါကြောင့် ၂၀၁၃ တစ်ခုတည်းကို နှိုင်းယှဉ်ဇယားဆွဲကြည့်ရင် အောက်ပါအတိုင်း တွေ့ရပါမယ်။

| နိုင်ငံ | ၂၀၁၃ ဘတ်ဂျက်လိုငွေပြမှုနှင့် GDP အချိုး |
|---|---|
| ဗြိတိန် | ၁၁. ၃% |
| အမေရိကန်ပြည်ထောင်စု | ၆. ၅% |
| အိန္ဒိယ | ၇. ၂% |
| ဂျပန် | ၁၀% |
| မြန်မာ | ၄. ၈၇% |

ဗဟုသုတအနေနဲ့ တင်ပြရရင် ကမ္ဘာပေါ်မှာ နိုင်ငံပေါင်း ၁၉၀ ကျော်ရှိတဲ့အနက် ဘတ်ဂျက်လိုငွေမပြဘဲ ပိုငွေပြတဲ့နိုင်ငံဆိုလို့ ရှားရှားပါးပါး လေးနိုင်ငံသာရှိပါတယ်။ ဂျာမနီ၊ တောင်ကိုရီးယား၊ နော်ဝေနဲ့ ရုရှားနိုင်ငံတို့သာဖြစ်ပါတယ်။ နော်ဝေနိုင်ငံကတော့ ဘတ်ဂျက်ပိုငွေ အများဆုံးရှိတဲ့ နိုင်ငံပါ။

**ငွေကြေးဖောင်းပွမှုနှုန်း**

| ဘဏ္ဍာရေးနှစ် | IMF ၏ မှန်းဆချက် | လက်တွေ့အခြေအနေ |
|---|---|---|
| ၂၀၁၃-၂၀၁၄ | ၆. ၇၅% | မသိရသေးပါ။ |
| ၂၀၁၄-၂၀၁၅ | ၇ % | မသိရသေးပါ။ |

ငွေကြေးဖောင်းပွမှုနှုန်းနဲ့ ပတ်သက်လို့ နည်းနည်းပြောချင်ပါတယ်။ အိုင်အမ်အက်ဖ်ရဲ့ အစီရင်ခံစာမှာ ၂၀၁၃ ဩဂုတ်လမှာ ငွေကြေးဖောင်းပွမှုနှုန်းဟာ ၇. ၃%တောင်ရှိတယ်လို့ ဖော်ပြထားပါတယ်။ ၂၀၁၃ နိုဝင်ဘာလမှာတော့ ၄ . ၇% ထိ ကျသွားခဲ့ပြီး ၂၀၁၃ နှစ်ကုန် (ဒီဇင်ဘာ)မှာတော့ ၆ . ၇၅ % ထိ တက်နိုင်တယ်လို့ မှန်းထားပါတယ်။ အဲဒီအထိ တက်မတက်ကတော့ ကိန်းဂဏန်းမထွက်သေး၊ မစုံသေးလို့ မသိရသေးပါ။ ဒါပေမယ့် ၂၀၁၃ ဩဂုတ်လမှာ ၇. ၃ %တောင်ရှိခဲ့တာဆိုတော့ အဲဒါနဲ့ယှဉ်ရင် ၂၀၁၃ ဒီဇင်ဘာ ငွေဖောင်းပွမှုနှုန်းဟာ ၆. ၇၅ %ဆိုတော့ နည်းတယ်လို့ဆိုရမှာပါပဲ။ ထို့အတူ လာမယ့် ဘဏ္ဍာရေးနှစ်မှာ ငွေဖောင်းပွမှုနှုန်း ၇ %ရှိမယ်ဆိုတဲ့ ခန့်မှန်းချက်ကလည်း သူ့ချည်းပဲသက်သက်ကြည့်မယ်ဆိုရင် များတယ်လို့ထင်စရာရှိပေမယ့် ၂၀၁၃ ဒီဇင်ဘာခန့်မှန်းချက် ၆. ၇၅ %ထက် ၀. ၂၅ % သာ တက်သွားမယ်လို့ ခန့်မှန်းတာပါပဲ။ သိပ်စိုးရိမ်ရလောက်အောင် တက်သွားတယ်လို့ ပြောလို့ မဖြစ်နိုင်ပါဘူး။ အတက်အကျကတော့ ဒီလိုပဲ၊ နည်းနည်းပါးပါးရှိနေတာပါပဲ။ နိုင်ငံတိုင်းလိုလိုပဲဆိုပါစို့။ ပြီးတော့လည်း ဒီခန့်မှန်းချက် ၇ %ဆိုတာကလည်း ၂၀၁၃ ဩဂုတ်လနှုန်းထား ၇. ၃ %ထက် ၀. ၃ %တောင် လျော့နည်းနေပါသေးတယ်။ အင်ဒိုနီးရှားနိုင်ငံမှာဆိုရင် ၂၀၁၃ မှာ ၈ . ၃၈ %တောင်ရှိပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း ၉. ၂၀% ရှိပါတယ်။

ဒါကြောင့် ကွက်ကွက်လေးကြည့်ပြီး ပြောလို့မရဘဲ အားလုံးကို ခြုံကြည့်ရပါတယ်။ အဲဒီ SMP အစီရင်ခံစာမှာပဲ ဒီ SMP အစီအစဉ်ဟာ အောင်မြင်တယ်။ ဘာကြောင့်လဲဆိုရင် အိုင်အမ်အက်ဖ်က သတ်မှတ်တဲ့ Benchmark လို့ခေါ်တဲ့ သတ်မှတ်ချက်တွေကို ပြည့်မီပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကိုလည်း မှန်းထားတဲ့အတိုင်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်နေလို့ပဲလို့ ရေးထားပါသေးတယ်။

ဒီ SMP အစီအစဉ်မှာ ပါဝင်တဲ့ ပညာရှင်တွေနဲ့ စကားပြောကြည့်တာမှာလည်း မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှု၊ ပြုပြင်ပြောင်းလဲမှုတွေကို အားရကြောင်း အပြုသဘောပြောချက်၊ အကောင်းပြောဆိုချက်တွေ ကြားရပါတယ်။ ဒါကြောင့်ပဲဖြစ်မှာပါ။ ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ နှစ်ဘီလီယံအသုံးပြုကာ မြန်မာနိုင်ငံရဲ့ နှစ်ရှည်ဖွံ့ဖြိုးရေးအစီ အစဉ်များ ဆောင်ရွက်သွားမယ်လို့ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဒေါက်တာကင်က ယခုလထဲ မြန်မာနိုင်ငံလာရောက်စဉ်မှာ ပြောကြားသွားခဲ့ပါတယ်။ SMP အစီရင်ခံစာအရရော အိုင်အမ်အက်ဖ် ပညာရှင်တွေရဲ့ ပြောကြားချက်တွေအရပါ နိဂုံးဆွဲကြည့်ရင်တော့ ဒီဆောင်းပါး ခေါင်းစဉ်အတိုင်း (မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်၊ မြန်မာအစိုးရ၏ ပြုပြင် ပြောင်းလဲရေး အောင်မြင်) လို့ပဲ ဆိုရမှာပါခင်ဗျား။

**မြန်မာနိုင်ငံရဲ့ ဘတ်ဂျက်လိုငွေပြမှုဟာ ဂျီဒီပီရဲ့ ၄.၈၇% သာရှိတဲ့အတွက် ကမ္ဘာနဲ့စာရင် အကောင်းဆုံးထဲမှာ မပါသေးပေမယ့် အညံ့ထဲမဝင်ဘူးဆိုတာ တွေ့နိုင်**







ပျောက်ဆုံး

ကျွန်တော် မောင်ဘိုဘို ၁၄/အမတ (နိုင်)၀၂၈၁၉၂၏ မြန်မာနိုင်ငံကူးလက်မှတ် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၈၉၁၁၅

ပျောက်ဆုံး

ကျွန်မ ခိုင်ငြိမ်းဦး M 741949 ၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၀၀၀၄၊ ၀၉-၇၃၁၅၁၁၁

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများ ဆွေးနွေးခြင်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး**က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို ငွေလုံးငွေရင်း အသုံးစရိတ်စုစုပေါင်း ကျပ် ၈၈၉ ဒသမ ၁၈၁ ဘီလီယံ အသုံးပြုသွားရန် လျာထားခဲ့ပါကြောင်း၊ အဆိုပါမူလလျာထားခဲ့သည့် ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လွှတ်တော် ကတိကဝတ်စီမံကိန်း ၄၁ ခုနှင့် လုပ်ငန်းခုနစ်ခုအပါအဝင် စီမံကိန်းပေါင်း ၇၅ ခုနှင့် လုပ်ငန်းပေါင်း ၃၂၀ တို့ကို ဆောင်ရွက်ရန် လျာထားခဲ့ပါကြောင်း။

လျှပ်စစ်ကဏ္ဍအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် စီမံကိန်းများအတွက် စုစုပေါင်း ငွေကျပ် ၅၂၆၇၃၄ ဒသမ ၁၆၈ သန်း အသုံးပြုခွင့်ရရှိခဲ့ပါကြောင်း၊ ယင်းငွေလုံးငွေရင်းပမာဏတွင် နိုင်ငံပိုင်ငွေ (ပြည်ထောင်စုဘတ်ဂျက်)၊ နိုင်ငံခြားချေးငွေ၊ ပြည်ပထောက်ပံ့ငွေများပါဝင်ပြီး ပြည်ထောင်စုဘတ်ဂျက်ဖြင့် သုံးစွဲမည့် ငွေပမာဏမှာ ၅၁ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

စီမံကိန်းများကိုလျာထားရာတွင် နိုင်ငံခြားချေးငွေ၊ ပြည်ပထောက်ပံ့ငွေများ အသုံးပြုမည့် စီမံကိန်းများကို ဦးစားပေးထည့်သွင်းခဲ့ရပြီး နိုင်ငံပိုင်ငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများအနက် အချို့စီမံကိန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်ခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ စိစစ်လျှော့ချခဲ့ရသည့် လွှတ်တော် ကတိကဝတ်များအပါအဝင် စီမံကိန်းများနှင့် လုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆက်လက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မဖြစ်မနေဆောင်ရွက်ရန်ဖြစ်ပါက ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံခြားချေးငွေရရှိပါက ယင်းချေးငွေများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

**ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်**က ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့်ရိုးရာဓလေ့များကို အခြေခံပညာသင်ရိုးညွှန်းတမ်းများတွင် သင့်လျော်သလို ထည့်သွင်းလေ့လာစေရေးအတွက် ဆောင်ရွက်ရန် ပြင်ဆင်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားပညာရေးဥပဒေတွင် တိုင်းရင်းသားဘာသာစကားကို မည်သည့်အတန်းအထိ သင်ကြားပို့ချမည်၊ မည်သည့်တိုင်းရင်းသားဘာသာစကားများကို မည်ကဲ့သို့ သင်ကြားမည်တို့အတွက် ဆက်လက်ညှိနှိုင်းဆွေးနွေးအကြံပြုချက်များ ရယူသွားမည်ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွက် မူလလျာထားချက်တွင် စုစုပေါင်း ၅၁၄ ကျောင်းကို လျာထားခဲ့ပါကြောင်း၊ မူလလျာထားချက်ကို စိစစ်ပြီးနောက် ဘဏ္ဍာငွေရရှိမှုအရ အန္တရာယ်ရှိ ၉၄ ကျောင်းနှင့် ပြည်သူ့လွှတ်တော်မှ ပြည်သူ့ကိုယ်စား တင်ပြသော ကျောင်းပေါင်း ၁၂၆ ကျောင်း စုစုပေါင်း ကျောင်း ၂၂၀ ကိုသာ လျာထားနိုင်ခဲ့ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်တွင် အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ခြင်းခေါင်းစဉ်အောက်တွင် ကန်ကြီးထောင့်မြို့နယ်မှလွဲ၍ ကျန် ၂၅ မြို့နယ်အတွက် ခွင့်ပြုထားရှိပြီးဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွက် မူလလျာထားချက်တွင် စုစုပေါင်း ၂၂၉ ကျောင်း လျာထားခဲ့ပါကြောင်း၊ မူလလျာထားချက်ကို ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းအရ စိစစ်ပြီးနောက် အန္တရာယ်ရှိကျောင်း ၈၀ နှင့် လွှတ်တော်မှ မေးမြန်းထားသည့် ကျောင်း ၂၈ ကျောင်း စုစုပေါင်း ၁၀၈ ကျောင်းကိုသာ လျာထားနိုင်ခဲ့ပါကြောင်း၊ ခွင့်ပြုရန်ပုံငွေအတွင်းမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်များအလိုက် အတတ်နိုင်ဆုံးအချိုးညီမျှမှုရှိစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘူးသီးတောင်မြို့နယ်သည် စုစုပေါင်း ငါးကျောင်းရရှိခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဘူးသီးတောင်မြို့နယ်ထက် ပိုမိုရရှိသော မြို့နယ် ငါးမြို့နယ်သာရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်**က စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ၁၂၈၀ ကို ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ကယ်ဆယ်ရေး၊ စောင့်ရှောက်ရေးနှင့်ပြန်လည်နေရာချထားရေး၊ ငွေစာရင်းခေါင်းစဉ်အောက်တွင် အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေး၊ အသက်မွေးဝမ်းကျောင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ငါးခုအတွက် တစ်ခုလျှင် ကျပ်သိန်း ၈၀၀ နှုန်းဖြင့် တွက်ချက်တင်ပြတောင်းခံရရှိခဲ့ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ မူလခွင့်ပြုချက်တွင်လည်း ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် သုံးခုအတွက် ကျပ်သိန်း ၈၀၀ စီ ထပ်မံတင်ပြထားပြီးဖြစ်သဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးစားပေး လိုအပ်ချက်အရ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

အလားတူ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းအလိုက် လုပ်ငန်းများအောင်မြင်ရန် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော် နာယက က ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့်အခြေခံသဘော ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းပြီးဖြစ်သည့်အတွက် ဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများ ဆွေးနွေးခြင်းပြီးဆုံးကြောင်းနှင့် စီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ(၂)ပါ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းများကို ဖေဖော်ဝါရီ ၆ ရက်မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးပြောကြားခဲ့သည်။

ပြည်ထောင်စုစာရင်းချုပ်ရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အရအသုံးစာရင်းများအပေါ် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၃/၂၀၁၄) ကို ပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးမောင်တိုးက လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရပ်နားခဲ့ပြီး အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# စီမံကိန်းတွင်ပါရှိသည့်လုပ်ငန်းများ မြေပြင်တွင်အမှန်တကယ်ဖြစ်ထွန်းရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်နှင့်အတူ ဖေဖော်ဝါရီ ၂ ရက်က စလင်း-ကံပြားလမ်း ပြုပြင်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စေတုတ္တရာမြို့နှင့် ငဖဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမများ၌ လည်းကောင်း၊ မင်းဘူးခရိုင်စီမံကိန်းရုံးအစည်းအဝေးခန်းမ၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ချင်းရေးရာဝန်ကြီး၊ ခရိုင်၊ မြို့နယ်ရှိ အရာထမ်းများ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ မြို့နယ်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များမှာကြားကာ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**တွေ့ဆုံ**

ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် ပခုက္ကူခရိုင် စီမံကိန်းဦးစီးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ပခုက္ကူ ညောင်ဦးနှင့်မြင်းခြံခရိုင် စီမံကိန်းဦးစီးမှူးများ၊ ခရိုင်၊ မြို့နယ်ရှိအရာထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ၂၀၁၄ ခုနှစ်တွင် ပြည်သူများ၏ အဓိကလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ ငွေကြေးလုပ်ငန်းတိုးတက်အဆင်ပြေချောမွေ့ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးအတွက် ဦးစားပေးလုပ်ငန်းစဉ်ကြီးခုနစ်ရပ်ဖြင့် စီမံကိန်းများချမှတ်ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ပထမငါးနှစ်စီမံကိန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၏ နှစ်စဉ်စီမံကိန်းများ၊ ၎င်းအပြင် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု ၂၀၁၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ နှစ် ၂၀ စီမံကိန်း၊ မြန်မာ့ဘက်စုံဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက် ၂၀၁၁ ခုနှစ်မှ ၂၀၃၆ ခုနှစ်အထိ ၂၅ နှစ် စီမံကိန်းများရေးဆွဲထားရှိပြီးဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စုအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဖေဖော်ဝါရီ ၃ ရက် မွန်းတည့် ၁၂ နာရီတွင် ဒက္ခိဏသီရိမြို့နယ် တာဝန်ခံ နေပြည်တော်ကောင်စီဝင် ဦးစောလှသည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့်အတူ ရွာမကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ဆက်လက်၍ မြို့နယ်ကော်မတီ သုံးရပ်မှ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်စီမံကိန်းမှ ဖြည့်စွက်ငွေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရွာမကျေးရွာအုပ်စု ရွာမရွာတွင်းလမ်း အရှည် ၀ ဒသမ ၉၅ မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ချင်းအမျိုးသားပါတီအား ချင်းအမျိုးသား ဒီမိုကရက်တစ်ပါတီအမည်သို့ ပြောင်းလဲခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၇/၂၀၁၄)**
**၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**
**(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)**

**ချင်းအမျိုးသားပါတီ (Chin National Party )အား ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party ) အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၂၁)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ချင်းအမျိုးသားပါတီ (Chin National Party)** သည် ယင်းပါတီ၏အမည်ကို **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ချင်းအမျိုးသားပါတီ (Chin National Party )** အား ၅-၂-၂၀၁၄ ရက်မှစ၍ **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party )** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်တွင်းသတင်း

▲ *ကျောဖုံးမှ*

ထို့အတူပင် မြို့ပေါ်ရပ်ကွက်တွင်နေကြသည့် အခြေခံလူထုလူတန်းစားအချို့သည်လည်း ငွေကြေးအရင်းအနှီး နည်းပါးသည့်အတွက် ဆိုက်ကား၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးစသည့် အငှားယာဉ်ဖြင့် ဝမ်းစာရှာနေကြရသူများ၊ အငှားစက်ဖြင့် စက်ချုပ်နေကြရသည့် စက်ချုပ်သမများ၊ ပင်ပင်ပန်းပန်းဖြင့် ရရှိလာသည့် ချွေးနဲ့စာဝင်ငွေတချို့တစ်ဝက်ကို စက်ပိုင်ရှင်၊ ယာဉ်ပိုင်ရှင် Owner ကို ပြန်ပေးနေရသည့်အတွက် ဒီဆင်းရဲသံသရာက ရုန်းမထွက်နိုင်ဘဲ ဖြစ်နေပါကြောင်း။

ယခု သမဝါယမဝန်ကြီးဌာန၏ အရစ်ကျငွေချေစနစ် ဝန်ဆောင်မှုမှ လိုအပ်သည့် စက်ပစ္စည်းများကို လာရောက်ထုတ်ပေးခြင်းအားဖြင့် မိမိ၏ ကိုယ်ပိုင်ကြိုးစားအားထုတ်မှုဖြင့် မကြာမီကာလအတွင်း၌ ကိုယ်ပိုင်ဆိုင်ကယ်၊ ကိုယ်ပိုင်သုံးဘီး၊ ကိုယ်ပိုင်ချုပ်စက်များ ပိုင်ဆိုင်မှုနှင့်အတူ တင့်တယ်သည့်လူမှုဘဝကို တည်ဆောက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ယနေ့နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အသင်းသားများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက ပြောကြားရာ၌ ယနေ့သည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကာ သမဝါယမဝန်ကြီးဌာန အစီအမံဖြင့် နိုင်ငံတော်က အကောင်အထည်ဖော်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းစဉ်ကို လက်တွေ့ အကောင်အထည်ဖော်နိုင်အောင် ပြည်နယ်အတွင်းက လက်လှမ်းမီနိုင်ရာ ပြည်သူလူထုများအတွက် လာရောက်ပံ့ပိုးကူညီသည့် အစီအစဉ်ဖြစ်ပါကြောင်း။

မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားပေါင်းစုံ စုဝေးပါဝင်ပြီး လူဦးရေသန်းပေါင်း ၆၀ နှင့် သဘာဝသယံဇာတပေါများကြွယ်ဝသော်ငြား အတိတ်က အကြောင်းအမျိုးမျိုးကြောင့် ဆင်းရဲတွင်းနက်သည့် နိုင်ငံဖြစ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့မှ ပူးပေါင်းကောက်ယူသည့် စစ်တမ်းအရ မြန်မာနိုင်ငံ၏ဆင်းရဲမှုသည် ၂၆ ရာခိုင်နှုန်းရှိသည်ဟု သိရပါကြောင်း။

ရရှိလာသည့် စစ်တမ်းများအရ ကျေးလက်နေပြည်သူများ ဆင်းရဲကြသကဲ့သို့ မြို့ပြနေလူထုလူတန်းစား အစိတ်အပိုင်းတစ်ခုဖြစ်သည့် တစ်နေ့လုပ်တစ်နေ့စား အခြေခံလူတန်းစားများသည်လည်း စားဝတ်နေရေးဒုက္ခနှင့် နေ့စဉ်ရုန်းကန်လှုပ်ရှားနေကြရပါကြောင်း။

ထို့အတွက် နိုင်ငံတကာနှင့် ယှဉ်ယှဉ်ပြီးစောင့်ကြည့်နေရသည့် ထို ၂၆ ရာခိုင်နှုန်းရှိသည့် ဆင်းရဲနွမ်းပါးမှု လျော့ကျသွားစေရန်၊ လက်တွေ့ပြည်သူလူထုအတွင်း လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ နေ့စဉ်ကြုံတွေ့နေရသည့် စားဝတ်နေရေးပြေလည်နိုင်စေရန်၊ မိမိဘဝအတွက် မိမိခြေထောက်အပေါ် ရပ်တည်နေနိုင်အောင်ဟူသည့် ရည်ရွယ်ချက်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်လှမ်းချင်း စီစဉ်ဆောင်ရွက်ပေးရာ၌ ယနေ့တွင် ရှမ်းပြည်နယ်ပြည်သူလူထုအတွက် လာရောက်ပြီး ယခုကဲ့သို့ အခမ်းအနားဖြင့် ထောက်ပံ့ကူညီပံ့ပိုးပေးနေတာဖြစ်ပါကြောင်း။

အထက်တွင် ဖော်ပြခဲ့ပြီးသည့် အကြောင်းကြောင်းကြောင့် ဆင်းရဲနွမ်းပါးမှုဖြစ်ရသည့်အထဲတွင် လယ်ယာလုပ်ငန်းကိုသာ အဓိကအားထားကြရသည့် ကျေးလက်နေပြည်သူအားလုံးနီးပါးတို့သည် မိရိုးဖလာနည်းလမ်းနှင့်ပင် စိုက်ပျိုးလုပ်ကိုင်နေကြသည်ကို တွေ့ရပါကြောင်း၊ သမားရိုးကျ ရိတ်သိမ်းခြွေလှေ့ သယ်ယူပို့ဆောင် ကြိတ်ခွဲနေခြင်းအားဖြင့် မိသားစုလူဦးရေတိုးပွားလာသော်လည်း လယ်ယာထွက်ကုန်တိုးပွားနိုင်ခြင်း မရှိသည့်အတွက် ဝင်ငွေနည်း၊ ဆင်းရဲမြဲ ဆင်းရဲနေကြရသည့်ဘဝသို့ ရောက်ရှိနေကြခြင်းဖြစ်ပါကြောင်း။

ထို့အပြင် တစ်ပိုင်တစ်နိုင်လုပ်ငန်း အောင်မြင်နေကြသူများအဖို့လည်း မိမိတို့လုပ်ငန်းများ တိုးချဲ့လုပ်ဆောင်နိုင်အောင် သမဝါယမအသေးစား ငွေကြေးလုပ်ငန်းနှင့် သက်သာသည့်အတိုးနှုန်းချေးငွေများကိုလည်း ထုတ်ချေးသွားမည်ဖြစ်ပါကြောင်း။

ဆင်းရဲနွမ်းပါးသည့် ဒုက္ခဒဏ်မျိုးစုံ ခံစားနေကြရသည့် အခြေခံလူတန်းစားများအတွက် လူမှုစီးပွားဘဝတိုးတက်မှုရရှိအောင် နိုင်ငံတော်ဘက်က တတ်နိုင်သည့်ဘက်မှ ကူညီထောက်ပံ့နေသကဲ့သို့ ရရှိကြသူပြည်သူများအနေဖြင့်လည်း မိမိရရှိသည့်ချေးငွေဖြင့် စက်ပစ္စည်းများကို မှန်မှန်ကန်ကန် လုံ့လဝီရိယရှိရှိဖြင့် အသုံးပြုကြရန်လိုအပ်ပါကြောင်း။

ထို့အပြင် သတ်မှတ်ကာလရောက်သည့်အခါတွင် ချေးငွေထဲမှ အရစ်ကျဆပ်ငွေများကို အချိန်မှန် ပြန်လည်ပေးဆပ်နိုင်အောင်၊ အဟောင်းပေး အသစ်ယူတာဝန်ကျေပွန်အောင် လိုက်နာဆောင်ရွက်သွားကြရန်လည်း အရေးကြီးကြောင်းကို သိရှိစေလိုပါကြောင်း၊ နိုင်ငံတော်မှ သမဝါယမဝန်ကြီးဌာန အစီအစဉ်ဖြင့် အရင်းအနှီးလိုအပ်နေသည့် ပြည်သူများကို ထုတ်ချေးပေးနေသည်ဆိုရာတွင် နိုင်ငံတော်၏ ဘဏ္ဍာတော်ငွေ အင်အားတစ်ခုတည်းဖြင့် အားလုံးကို ထုတ်ချေးပေးနိုင်စွမ်းမရှိသေးတာ အမှန်ပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှထုတ်ချေးပေးသည့်အပိုင်းရှိသလို နိုင်ငံတကာရင်းနှီးသည့် မိတ်ဆွေနိုင်ငံများမှ အတိုးနှုန်းတစ်ခုဖြင့် သတ်မှတ်ပြီး အကူအညီရယူထားသည့် ငွေများလည်းပါပါကြောင်း၊ ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သည့်အစီအစဉ်ဖြင့် ရယူသည့်ချေးငွေများလည်း ပါပါကြောင်း။

ထိုငွေကြေးများကို သဘောတူသတ်မှတ်သည့် အချိန်ရောက်လျှင် အတိုးရော အရင်းပါ ပြန်လည်ပေးဆပ်ရသည့်ငွေကြေးများဖြစ်သည့်အတွက် ဆုံးရှုံးမှုမရှိရလေအောင် အချိန်မီ ပြန်ပေးဆပ်နိုင်အောင် ဝိုင်းကြီးချုပ်စနစ်၊ အဟောင်းပေးအသစ်ယူစနစ်များဖြင့် စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်းကို သိရှိစေလိုပါကြောင်း၊ လက်ရှိနိုင်ငံ၏ဆင်းရဲမှုနှုန်းဖြစ်သည့် ၂၆ ရာခိုင်နှုန်းသောပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုကို ချေဖျက်နိုင်မှသာ မြန်မာနိုင်ငံသည် ကမ္ဘာ့ဆင်းရဲနိုင်ငံအဖြစ်မှ ကျော်လွှန်လွတ်မြောက်နိုင်ပြီး ထိုမှတစ်ဆင့် နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်ကို ရောက်ရှိနိုင်မှာဖြစ်ပါကြောင်း။

ထို့အတွက် ယနေ့အခမ်းအနားကို တက်ရောက်ကြသည့် အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများ၊ ကျေးလက်/မြို့ပြသမဝါယမအသင်းသားများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူထုလူတန်းစားအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အောင်မြင်အောင် ပါဝင်ကူညီလုပ်ဆောင်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ် (၈)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သမဝါယမဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်၏ လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဦးတည်ချက် (၂)ရပ်နှင့် လုပ်ငန်းစဉ်(၅)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့အခမ်းအနားတွင် ရှမ်းပြည်နယ်အတွင်းရှိ ကျေးလက်နှင့်မြို့ပြနေ အခြေခံပြည်သူများအတွက် ဆောင်းသီးနှံ အသေးစားချေးငွေ ကျပ်သိန်းပေါင်း ၁၄၇၈၂ ဒသမ ၄၃ သိန်းကို ထုတ်ချေးသွားမည်ဖြစ်ပြီး တန်ဖိုး ကျပ်သိန်းပေါင်း ၁၇၉၉၇ ဒသမ ၄ သိန်းရှိသော လယ်ထွန်စက်အပါအဝင် လယ်ယာသုံးစက်ကိရိယာပေါင်း ၉၂၆ မျိုးကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း၊ တန်ဖိုးငွေကျပ်သိန်းပေါင်း ၁၄၁၇ ဒသမ ၈ သိန်းရှိသည့် အပ်ချုပ်စက်၊ သုံးဘီးဆိုင်ကယ်အပါအဝင် လုပ်ငန်းသုံးပစ္စည်းကိရိယာပေါင်း ၁၄၀ မျိုးကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း၊ အလားတူ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ ကျေးလက်ပြည်သူများအတွက် ဆောင်းသီးနှံအသေးစားချေးငွေ ကျပ်သိန်းပေါင်း ၅၀၁၁၇ ဒသမ ၉၄ သိန်းကိုလည်း ယခုနှစ် ဇန်နဝါရီလအတွင်း ထုတ်ချေးပြီးဖြစ်ပါကြောင်း။

ရန်ပုံငွေရရှိမှုပေါ် မူတည်ပြီး အရင်းအနှီး ချေးငွေလုပ်ငန်းကို ယခုနှစ်ကုန်တွင် တစ်နိုင်ငံလုံးရှိ ကျေးရွာအားလုံးကို လွှမ်းခြုံမိအောင် တိုးချဲ့ဆောင်ရွက်သွားရန်လည်း မျှော်မှန်းထားပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏လမ်းညွှန်ချက်အတိုင်း ယခုထုတ်ချေးသည့် ချေးငွေများကို အတိုးနှုန်းလျှော့ချပြီး တစ်ကျပ်ငါးဆယ်ပြားနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့သော် ယခင်ချေးထားသည့် ချေးငွေများအတွက်ကိုမူ ယခင်အတိုးနှုန်းနှစ်ကျပ်ခွဲနှုန်းဖြင့်သာ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပြီး ထိုအတိုးနှုန်းများ လျှော့ချနိုင်ရေးကိုလည်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် သမဝါယမဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ကျယ်ပြန့်စွာ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့က ခရိုင်အလိုက် အသေးစားချေးငွေများကိုပေးအပ်ရာ ငွေစုငွေချေး သမဝါယမအသင်းများမှ တာဝန်ရှိသူများက တက်ရောက်လက်ခံ ရယူကြသည်။

ယင်းနောက် CB ဘဏ်နှင့် ဇဟိုသမဝါယမအသင်း လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးက အရစ်ကျပံ့ပိုးပေးသည့် လယ်ယာနှင့် လုပ်ငန်းသုံးစက်ကိရိယာများ ပံ့ပိုးပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးထပ်ဆင့်လွှင့်စက်ရုံမှ ထုတ်လွှင့်လျက်ရှိသည့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများကို ရုပ်သံလွှင့်ဧရိယာအတွင်း ဖမ်းယူကြည့်ရှုနိုင်ရန် Set Top Box အလုံးရေ ၁၀၈၂၂ လုံးကို အခမဲ့ပေးအပ်ထောက်ပံ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက လက်ခံသည်။

ယင်းနောက် ယနေ့ထောက်ပံ့ချေးငွေများရရှိမှုနှင့် ပတ်သက်၍ အသင်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ခင်းကျင်းပြသထားသည့် အထိမ်းအမှတ်ပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်ခြောက်ခရိုင်၊ မြို့နယ်၂၀၊ အခြေခံသမဝါယမအသင်း ၂၁၃ သင်း၊ အသင်းသားဦးရေ ၁၄၃၁၉ ဦးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ပံ့ပိုးထုတ်ချေးငွေများ အပါအဝင် လယ်ယာသုံးစက်ကိရိယာနှင့်လုပ်ငန်းသုံးစက်ကိရိယာ စုစုပေါင်း ၁၂၆၆ မျိုးတို့အတွက် စုစုပေါင်းတန်ဖိုးငွေကျပ် သိန်းပေါင်း ၁၉၄၁၅ ဒသမ ၂ သိန်း ပံ့ပိုးပေးနိုင်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**



ဒုတိယ သမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ခင်းကျင်းပြသထားသည့် အထိမ်းအမှတ်ပြခန်းများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ခရိုင်အလိုက် အသေးစားချေးငွေများကိုပေးအပ်ရာ ငွေစုငွေချေးသမဝါယမအသင်းများမှ တာဝန်ရှိသူက လက်ခံရယူစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ခရိုင်အလိုက် အသေးစားချေးငွေများကိုပေးအပ်ရာ ငွေစုငွေချေး သမဝါယမအသင်းများမှတာဝန်ရှိသူက လက်ခံရယူစဉ်။ (သတင်းစဉ်)



● *ကျောဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် ဦးအောင်သန်းဦးတို့က မိမိတို့ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် မိမိတို့လူ့အဖွဲ့အစည်း၌ သမိုင်းကြောင်းနှင့်ချီပြီး ဒီမိုကရေစီ ရေချိန်နိမ့်ပါးခဲ့ခြင်းနှင့် ပွင့်လင်းလွတ်လပ်သော လူ့အဖွဲ့အစည်းတစ်ရပ်ကို မတည်ဆောက်နိုင်ခဲ့ခြင်းကြောင့် လက်နက်ကိုင် ပဋိပက္ခများ၊ အခက်အခဲအကျပ်အတည်းများ၊ အချင်းချင်းမယုံကြည်မှုများ၊ စီးပွားရေး နိမ့်ကျမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျမှုများဆိုသည့် ခါးသီးသောဒဏ်များကို ခံစားခဲ့ကြရပါကြောင်း၊ ၎င်းဒဏ်ရာများကို ကုစားနိုင်ရန်အတွက် မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် အသွင်ကူးပြောင်းရေးဖြစ်စဉ်များသည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်၊ စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီစနစ်အခြေပြု အုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းမှုဖြစ်စဉ်နှင့် ဗဟိုချုပ်ကိုင်သော စီးပွားရေးစနစ်မှ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် တည်ဆောက်မှုဖြစ်စဉ်များကို ဖော်ဆောင်လျက်ရှိသော သုံးပွင့်ဆိုင်အသွင်ကူးပြောင်းရေး ဖြစ်စဉ်များဖြစ်ကြောင်း။

ယင်းအသွင်ကူးပြောင်းဖြစ်စဉ်ကြီးများကို နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရယန္တရားပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များနှင့်အတူ ခေတ်စနစ်နှင့် လိုက်လျောညီထွေစွာ ပြောင်းလဲဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ သယံဇာတ၊ငွေကြေး အရင်းအနှီး၊နည်းပညာတို့ကို လူသားအရင်းအမြစ်က စီမံခန့်ခွဲနိုင်ရန် အဓိကကျပါကြောင်း။

နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်မှာ စွမ်းဆောင်ရည်ဖြစ်ကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်မှုစွမ်းဆောင်ရည်များဖြစ်သည့် နိုင်ငံရေးတည်ငြိမ်မှုရှိခြင်း၊ ဆူပူအကြမ်းဖက်မှုမရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှုရှိခြင်း၊ ထိရောက်မှုရှိခြင်း၊ ဥပဒေစိုးမိုးမှုရှိခြင်း၊ လာဘ်ပေးလာဘ်ယူကင်းရှင်းစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ခြင်းတို့နှင့် ပြည့်စုံသည့်အုပ်ချုပ်ရေးယန္တရားကောင်းဖြစ်အောင် တည်ဆောက်၍ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊စည်ပင်သာယာရေးကော်မတီ၊ ရပ်မိရပ်ဖများနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း။

**အခြေပြုစီမံ**

တာဝန်သိမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်ခြင်းဖြင့် အစိုးရဌာနများ၏ အဓိကအချက်ကို ပြည်သူများထံချပြနိုင်ခြင်း၊ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်တတ်လာခြင်း၊ အဂတိလိုက်စားမှုများ တားဆီးထိန်းသိမ်းနိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် လုပ်ငန်းများထိရောက်မှုရှိလာခြင်း၊ ဒေသတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု ပိုမိုကောင်းမွန်လာနိုင်ခြင်း ဆိုသည့် ကျေးဇူးများရရှိမှာ ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လတ်တလောစားဝတ်နေရေး လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရမည့်အပြင် ရေရှည်ဖွံ့ဖြိုးရေး စီမံချက်များကိုလည်း တိကျမှန်ကန်သော မြေပြင်စာရင်းအင်း ကိန်းဂဏန်းများအပေါ် အခြေပြုစီမံသွားကြရန် ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်သည် မြေသယံဇာတ၊ ရေသယံဇာတများ ပြည့်စုံကြွယ်ဝသည့်အပြင် စီးပွားရေးမဟာဗျူဟာကျသည့် တန်ဖိုးမဖြတ်နိုင်သော ပထဝီအနေအထားကို ပိုင်ဆိုင်ထားသည့် ပြည်နယ်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးသည်အရှေ့အနောက် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးစင်္ကြံလမ်းကြောင်းအဖြစ် ကူးသန်းရောင်းဝယ်မှု ဗဟိုချက်ဖြစ်လာနိုင်သည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ စီးဆင်းလာပြီး ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖွံ့ဖြိုးလာမည့် အခြေအနေကောင်းကို ပိုင်ဆိုင်လျက်ရှိပါကြောင်း။

စီးပွားရေးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်မှုမှတစ်ဆင့် ပြည်သူများ၏ ပညာရေး၊ လူမှုရေးအဆင့်အတန်း တိုးတက်မြင့်မားအောင် ဆောင်ရွက်ပြီး စည်ပင်သာယာဝပြောသော ပြည်နယ်တစ်ခုဖြစ်အောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ရာတွင် အဓိက အခြေခံကျသည့်အချက်မှာ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရရှိအောင် အားလုံးက ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း။

တာဝန်ရှိသည့် လုံခြုံရေးအဖွဲ့အစည်းများက တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ကိစ္စရပ်အား အပြည့်အဝအကောင်အထည်ဖော်သွားနိုင်ရန် စီမံထားပြီးဖြစ်ပါကြောင်း၊ ဥပဒေချိုးဖောက်မှုများကို ထိရောက်စွာ အရေးယူသွားမှာဖြစ်ကြောင်း၊ တရားမဝင်ဆက်လက် ဝင်ရောက်လာသူများအား ထိရောက်စွာ ဟန့်တားရေး၊ နိုင်ငံသားဖြစ်ခွင့်ရှိသူများအား နိုင်ငံသားဖြစ်ရေးကိစ္စကို ရေတိုရေရှည် စီမံဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အလွဲသုံးစားလုပ်ပြီး အမုန်းတရားနှင့် ပဋိပက္ခကို တိုးပွားစေသည့် လုပ်ကြံဖန်တီးလှုံ့ဆော်မှုများကို မိမိတို့မှ ဖြစ်ရပ်မှန်များကို သတင်းလက်ဦးမှု ရယူထုတ်ပြန်သွားနိုင်ရန် လိုအပ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာထောက်ထားမှုခေါင်းစဉ်နှင့် ဝင်ရောက်လုပ်ကိုင်နေသည့် နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့်လည်း ပိုမိုရှုပ်ထွေးစေမည့် ကိစ္စရပ်များမဖြစ်ပေါ်အောင် နှစ်ဖက် လူ့အဖွဲ့အစည်းများ၏ ယုံကြည်ထောက်ခံမှုရရှိရန် ဖြစ်ရပ်မှန်သတင်းများကို ယုံကြည်စိတ်ချရသည့် သတင်းအရင်းအမြစ်များမှ အတည်ပြုချက်ရယူ ထုတ်ပြန်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် စစ်တွေဆိပ်ကမ်းရှိ ကုလားတန်မြစ်ကြောင်းသယ်ယူပို့ဆောင်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးဇင်ယော်က စီမံကိန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက လိုအပ်ချက်များနှင့် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးမှာကြားကာ စစ်တွေဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကုလားတန် မြစ်ကြောင်းသယ်ယူပို့ဆောင်ရေး စီမံကိန်းကို ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ပလက်ဝမြို့တို့တွင် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စစ်တွေဆိပ်ကမ်းကို တန်ချိန် ၂၀၀၀၀ ရေယာဉ်ဆိုက်ကပ်နိုင်မည့် ဆိပ်ခံတံတားတစ်ခုအဖြစ် တည်ဆောက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အဖွဲ့သည် စစ်တွေမြို့ ကမ်းနားလမ်းအဆင့်မြှင့်တင်ထားမှု၊ စစ်တွေ View Point နှင့် စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**



စစ်တွေမြို့ ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန် အခွန်ပေး

ပြည်တွင်းသတင်း

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆောင်ရွက်ပေးနေ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် ပျဉ်းမနားမြို့နယ်မှ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရမှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ပေးနေမှုများ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်း ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေးနှင့်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစသည့်ကဏ္ဍများအလိုက် ဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ပျဉ်းမနား မြို့နယ်မှ ဌာနဆိုင်ရာများ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ၊ မြို့နယ် စည်ပင်သာယာရေး ကော်မတီ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်နှင့်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးက ပျဉ်းမနားမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ရေး၊ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကို လည်းကောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးအောင်ချို နှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်တို့က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များနှင့် ကျေးရွာချင်းဆက်လမ်းများ၊ မြို့ပေါ်ရပ်ကွက်လမ်းများနှင့် လျှပ်စစ်မီးလင်းရေး လိုအပ်ချက်များကို လည်းကောင်း၊ တက်ရောက်လာသည့် မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ပညာရေးနှင့် လူမှုရေးလိုအပ်ချက်များကိုလည်းကောင်း တင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းက ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းတောင်ပေါ်ဒေသ လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ဦးမျိုးအောင်က ငလိုက်ချောင်းအတွင်း သဲအိတ်ရေတားတမံဆောင်ရွက်မည့် အစီအမံနှင့် ငလိုက်ချောင်းရေ ထိန်းသိမ်းထားရှိပြီး မီးဘေးအန္တရာယ်ကာကွယ်ရေး၊ သောက်သုံးရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေး တို့အတွက် အထောက်အကူပြုမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဒီမိုကရေစီခေတ်တွင် လူတိုင်းအလုပ်လုပ်ရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် မကွေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးမြင့်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ငါးမြာကြီးကျေးရွာ မင်္ဂလာဇေယျာကျောင်းတိုက်၌ မြစ်ရေတိုက်စားမှုဘေးဒဏ်ကြောင့် ကျေးရွာရွှေ့ပြောင်းရမည့် ဒေသခံများနှင့် တွေ့ဆုံ၍ အမျိုးသား သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီမှ ထောက်ပံ့သော ငွေကျပ်သိန်း ၁၅၀ နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လှူဒါန်းသော ငွေကျပ် ၂၅ သိန်း စုစုပေါင်း ငွေကျပ် ၁၇၅ သိန်းကို ပေးအပ်လှူဒါန်းပြီးဖြစ်ကြောင်း၊ မြေနုကျွန်းခွဲဝေမှုဆိုင်ရာ ဥပဒေစာအုပ်များကိုလည်း မျှဝေပေးခဲ့ပြီးဖြစ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မှန်မှန်ကန်ကန်နှင့် အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူတိုင်းလူတိုင်း ဒီမိုကရေစီကျင့်စဉ်အခြေခံအချက်များနှင့်အညီ ပြုမူနေထိုင်ကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားပြီး ကျောင်းထိုင်ဆရာတော်အားသက်န်းဆက်ကပ်လှူဒါန်း၍ ကျေးရွာလူထုအတွက် ဉာဏ်တော် ရှစ်လက်မရှိ ပန်းပေါင်းစုံ ဘုရားဆင်းတုတော် ၂၅ ဆူနှင့် ဝိပဿနာတရားကျင့်စဉ်စာအုပ်များ၊ စကိုင်းနက်ရုပ်သံစက်တစ်စုံ၊ ဆေးဝါးနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကာ ဒေသခံလူထုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ညနေပိုင်းတွင် ရေစကြိုမြို့နယ် ကွေ့ဒေါင့်ကျေးရွာ သာသနာ့ဝေပုလ္လကျောင်းတိုက်၌ ကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍(အပေါ်ပုံ) နောင်နှစ်များတွင် ကျေးရွာမြေနုကျွန်းခွဲဝေရေး ကိစ္စရပ်များတွင် ဥပဒေနှင့်အညီ အသေးစိတ်စိစစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာများ အနေဖြင့်လည်း မူဘောင်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဒီမိုကရေစီခေတ်တွင် လူတိုင်းသည် အလုပ်လုပ်ရမည် ဖြစ်သလိုစည်းကမ်းနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် လူထုအနေဖြင့် စာများများဖတ်ပြီး ဗဟုသုတရှာမှီးကာ ရပ်ရွာတစ်ခုနှင့်တစ်ခု ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြပြီး အခက်အခဲရှိက နားလည်မှုရှိရှိဖြင့် ဝိုင်းဝန်းဖြေရှင်းကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကျောင်းထိုင်ဆရာတော်အားသက်န်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ ကျေးရွာပြည်သူများအတွက် စကိုင်းနက်ရုပ်သံစက်တစ်စုံနှင့် ဆေးဝါးများ လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ဧည့်သည်အဖွဲ့နှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ အကြီးတန်းအဖွဲ့ဝင်များနှင့် အမှုဆောင်ဘုတ်အဖွဲ့ဝင် ညွှန်ကြားရေးမှူးများပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံပြီး လူ့အခွင့်အရေး တိုးမြှင့်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များတွင် နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ ဒိုင်ဝါ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအုပ်စုတို့ ပူးတွဲကျင်းပသည့် "မြန်မာနိုင်ငံအရင်းအနှီး ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ" ကို ရန်ကုန်မြို့ ကုန်သည်/စက်မှုအသင်းချုပ် UMFCCI တွင် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ မကြာမီကပြဋ္ဌာန်းခဲ့သော ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေး ဥပဒေနှင့်အညီ မြန်မာနိုင်ငံတွင် စတော့ဈေးကွက် ထူထောင်ရေးနှင့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ ရှယ်ယာများထုတ်ဝေရောင်းချရာတွင် လိုက်နာရမည့်နည်းစနစ်များကို ပြည်သူများ နားလည်သဘောပေါက်လာစေရေးနှင့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရန်တို့ ဖြစ်သည်။

ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ ဒိုင်ဝါ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအုပ်စု၊ ဒိုင်ဝါသုတေသနအဖွဲ့လီမိတက်နှင့် တိုကျိုစတော့အိတ်ချိန်း (JPX) တို့မှ ပညာရှင်များက အစုရှယ်ယာဈေးကွက် မိတ်ဆက်အစပျိုးမည့် ရန်ကုန်စတော့အိတ်ချိန်းတည်ထောင်ခြင်း၊ ရန်ကုန်စတော့အိတ်ချိန်း၏ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများနှင့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်းရောင်းချမည့် ကုမ္ပဏီများ ပြင်ဆင်ထားသင့်သည့် အချက်များကို ရှင်းလင်းဆွေးနွေးကြမည်ဖြစ်သည်။

**ကန့်သတ်ထား**

စိတ်ပါဝင်စားသူများ UMFCCI ဖုန်း-၀၁-၂၁၄၃၄၄၊ MSEC ၀၁-၃၈၇၀၃၂ နှင့် msecbod@gmail.com တို့ကို စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်းနှင့် ခုံနေရာ ကန့်သတ်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိုးလေဝသအခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ သာယာမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ပြည်ပသို့သွားရောက်မည့် မြန်မာအလုပ်သမားများသိရှိနိုင်ရန် အသိပေးခြင်း

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ အလုပ်အကိုင်နေရာချထားရေး၊ လုပ်သားများ လုပ်ငန်းခွင်ကျွမ်းကျင်မှုလေ့ကျင့်ရေး၊ အလုပ်သမားရေးရာသုတေသနနှင့် စာရင်းဇယားများစုဆောင်းပြုစုရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များအတွက် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လူမှုဖူလုံရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပြည်တွင်းကုန်စည်စီးဆင်းမှုသွက်လက်မြန်ဆန်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအလုပ်သမားရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရည်မှန်းချက်ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအောက်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် အလုပ်အကိုင်နေရာချထားရေးနှင့် လေ့ကျင့်ရေးဌာနခွဲမှ ပြည်တွင်း/ပြည်ပအလုပ်အကိုင်နေရာချထားရေးကို ဆောင်ရွက်ခဲ့ရာမှ ပြည်ပတွင်ရောက်ရှိနေသော မြန်မာအလုပ်သမားများ များပြားလာသောကြောင့် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန် ရွှေ့ပြောင်းအလုပ်သမားဌာနခွဲကို ဖွဲ့စည်း၍ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ခြင်း၊ ပြည်ပနိုင်ငံရှိ အလုပ်သမားများ၏ အလုပ်သမားရေးရာကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအတွက် ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန်၊ တရားဝင်ရွှေ့ပြောင်းသွားလာမှုဖြစ်စေရန်၊ ပြည်ပမှရရှိလာသော အတွေ့အကြုံအသိပညာနှင့် အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျပြန်လည်အသုံးချနိုင်ရန် ရည်ရွယ်၍ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ ၁၈၄ ခုမှတစ်ဆင့် ပြည်ပသို့ မြန်မာအလုပ်သမားများကို တရားဝင်စေလွှတ်လျက်ရှိပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည်ဆိုပါက အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ကြော်ငြာထားသော ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများစာရင်းကို Website- www.mol.gov.mm တွင် လည်းကောင်း၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ၏ ဖုန်းနံပါတ်-၀၆၇-၄၃၀၁၈၃၊ ၀၆၇-၄၃၀၁၈၅ သို့လည်းကောင်း၊ မိမိတို့နှင့် ဆက်သွယ်သွားရောက်မည့် အေဂျင်စီ အမှန်တကယ်ရှိ မရှိ၊ အလုပ်ခေါ်စာ Demand Letter မှန်ကန်မှုရှိ မရှိတို့အား စိစစ်ရန်လိုအပ်ပြီး သွားရောက်အလုပ်လုပ်ကိုင်မည့်သူသည် အလုပ်ရှင်နှင့် စာချုပ်ချုပ်ဆို၍ မိမိသွားရမည့် နေရာနှင့် လုပ်ငန်းဆိုင်ရာအချက်အလက်များအား ကြိုတင်သိရှိပြီး ပြည်ပအလုပ်အကိုင်သက်သေခံကတ်ပြားပါရှိမှသာ သွားရောက်လုပ်ကိုင်နိုင်မည် ဖြစ်ပါသည်။

ရွှေ့ပြောင်းမြန်မာအလုပ်သမားများအား သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ အခွင့်အရေးများရရှိစေရေးနှင့် ကာကွယ်စောင့်ရှောက်မှုပေးရေးအတွက် ထိုင်းနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိ (Labour Attache) များ ခန့်ထားဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်ခြင်းနှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများအား ကြီးကြပ်ရန် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ကိုလည်း ဖွဲ့စည်းထားပါသည်။

**"ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသား အလုပ်သမားများ၏ တရားဝင်အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရန်"** နိုင်ငံတော်က ချမှတ်ထားသောမူဝါဒနှင့်အညီ ပြည်ပရောက်မြန်မာအလုပ်သမားများအား မည်သည့်နိုင်ငံတွင် ရောက်ရှိနေသည်ဖြစ်စေ နိုင်ငံတော်မှ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

ပြည်ပရောက် မြန်မာအလုပ်သမားရေးရာကိစ္စရပ်များကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံး၊ အလုပ်သမားသံအရာရှိများ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်၊ သက်ဆိုင်ရာအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများနှင့် ပြည်ပသို့သွားရောက်၍ အလုပ်လုပ်ကြမည့်သူများသည် တရားမဝင် ဆောင်ရွက်နေသည့် အေဂျင်စီများ၊ ကြားပွဲစားများနှင့် လုံးဝဆက်သွယ်ဆောင်ရွက်ခြင်းမပြုရန်နှင့် ပြည်ပ၌ အခက်အခဲများကြုံတွေ့ရပါက အောက်ပါလိပ်စာများသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးအပ်ပါသည်-

**ရွှေ့ပြောင်းလုပ်သားဌာနခွဲ-**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**ရုံးအမှတ် ၅၁ ၊ နေပြည်တော်**

| | | |
|---|---|---|
| ဖုန်းနံပါတ် | - | ၉၅-၆၇-၄၃၀၁၈၃ |
| | | ၉၅-၆၇-၄၃၀၁၈၅ |
| | | Email-migration.dol@gmail.com |

**Complaints Mechanism Center ၊ နေပြည်တော်**

| | | |
|---|---|---|
| ဖုန်းနံပါတ် | - | ၉၅-၆၇-၄၃၀၁၈၄ |
| | | ၉၅-၆၇-၄၃၀၂၈၄ |
| | | Email-complaint.moles@ gmail.com |

**Complaint Mechanism Center ၊ ရန်ကုန်**

| | | |
|---|---|---|
| ဖုန်းနံပါတ် | - | ၉၅-၁-၆၅၀၁၈၇ |
| | | ၉၅-၁-၆၅၀၀၈၉ |

| | | |
|---|---|---|
| **ကိုရီးယားသမ္မတနိုင်ငံ** | - | ဒေါ်မေသူညို(အလုပ်သမားသံအရာရှိ) |
| ဖုန်းနံပါတ် | - | 0082-103-799-4690 |
| | | Email-maythunyo@gmail.com |
| **မလေးရှားနိုင်ငံ** | - | ဦးစိုးဝင်း (အလုပ်သမားသံအရာရှိ) |
| ဖုန်းနံပါတ် | - | 006-010-259-7750 |
| | | Email-soewinlabour@gmail.com |
| **ထိုင်းနိုင်ငံ** | - | ဦးကျော်ကျော်လွင် (အလုပ်သမားသံအရာရှိ) |
| ဖုန်းနံပါတ် | - | 0066-867-746-825 |
| | | Email-kklwinlabor@gmail.com |

**အလုပ်သမား၊ အလုပ်အကိုင်နှင့်**
**လူမှုဖူလုံရေးဝန်ကြီးဌာန**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်မှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် အမှတ်စဉ်(၄) (၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်)
- လမ်းခင်းကျောက်မျိုးစုံ
- ကျောက်ရောမြေ

၂။ ဝယ်ယူလိုသောပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများကို အောက်ဖော်ပြပါ လိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းရယူနိုင်ပါသည်။

**စုံစမ်းရန်**
- ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့ ဖုန်း-၀၈၂-၅၀၅၁၅

**တင်ဒါပိတ်မည့်ရက်/အချိန်** -၂၀-၂-၂၀၁၄/၁၆း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** -၂၁-၂-၂၀၁၄/၀၉း၃၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဈေးတောင်ဘက်ထောင့်၊ ဗိုလ်ဉာဏလမ်း၊ မင်္ဂလာသာဂေါင်ရပ်ကွက်၊ အိမ်အမှတ် ၁၂/၂၈နေ ဦးမြင့်ကြည် ၉/ပမန(နိုင်)၀၂၆၉၇၄၊ ဒေါ်ဆင့်ဆင့်သိန်း ၉/ပမန(နိုင်)၀၂၆၁၀၇တို့၏သား မောင်ဟိန်းမြင့်ဦး(ခ)မောင်ဒေါ်လာသည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်ဆိုးသွမ်း၍ မိဘစိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။** **အဖ-ဦးမြင့်ကြည်၊ အမိ-ဒေါ်ဆင့်ဆင့်သိန်း**



## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/4615 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## အိမ်ငှားမည်

တောင်ဥက္ကလာပမြို့နယ်၊ ၃ ရပ်ကွက်၊ ဝေဇယန္တာလမ်းမ (ဂုတ်ခြံ) RC နှစ်ထပ် ပေ(၄၀×၆၀) 1 MB၊ 2S ရေမီး ဖုန်း 2 A/C အပါ။

**ဖုန်း-၀၉-၅၀၆၂၈၈၄၊ ၀၉-၇၃၀၀၁၂၆၄**

**သွေးသည်အသက်**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပေါက်ကံမြို့နယ်၊ (၁၂)ရပ်ကွက်၊ ပုဂံလမ်းမကြီး၊ မြေကွက်အမှတ် ၁၅၂၇၊ ဧရိယာခန့်မှန်းခြေ ပေ(၄၀×၆၀)ကို ပိုင်ဆိုင်သူ အမည်ပေါက် ဦးအောင်နိုင်စိုး ၁၀/သထန(နိုင်) ၁၃၇၅၇၃ မြေကွက်အား အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဦးမောင်မောင်စီ ၁၂/ဥကမ(နိုင်)၀၃၀၉၈၀ထံမှ ဒေါ်ယဉ်မေသန်း ၁၀/မဒန(နိုင်)၀၃၀၁၂၆မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤကြေညာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အပြီးသတ် အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မေသန်း**
**၁၀/မဒန(နိုင်)၀၃၀၁၂၆**
**အမှတ် ၂၇၊ ဓမ္မဒါနလမ်း၊ ဒွေးကြွယ်(က)ရပ်ကွက်၊ တာမွေ၊**
**ဖုန်း-၀၉-၂၅၀၂၉၀၇၃၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ် ၄၀၊ ဦးအေးလမ်းသွယ်(၁)၊ မှန်လုံခြေရင်းခန်းဧရိယာ (၁၁½×၄၅)ပေရှိ တိုက်ခန်းနှင့် အိမ်သုံးမီတာတစ်လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မူလအခန်းပိုင်ရှင် ဦးဆလွန်း(ခ)ဦးတင်ဦးထံမှ ဝယ်ယူထားသူ လက်ရှိပိုင်ဆိုင်သူ ဒေါ်မိုးငြိမ်းအေးထံမှ ကျွန်မ ဒေါ်သီရိအေးမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်သီရိအေး**
**၁၂/အစန(နိုင်)၁၇၁၂၈၅**
**ဖုန်း-၀၉-၅၀၀၃၇၂၄၊ ၀၉-၄၅၀၀၄၈၆၆၅**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးတင်စိုး ၁၂/ပဘတ(နိုင်)၀၂၃၂၂၅၊ ကျွန်မ မမြမြဝင်း ၁၂/ကမတ(နိုင်)၀၅၀၆၂၆ တို့သည် ၁၅-၁-၂၀၁၄ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြီးဖြစ်ပါသည်။

| **ဦးတင်စိုး** | **မမြမြဝင်း** |
|---|---|
| ၁၂/ပဘတ(နိုင်)၀၂၃၂၂၅ | ၁၂/ကမတ(နိုင်)၀၅၀၆၂၆ |

# ၃၈ မီနီဘတ်စ်နှင့် ၅၉ မီနီဘတ်စ်အသစ်များ လိုင်းဆွဲရန်အသင့်ရှိနေ



ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း ပြေးဆွဲလျက်ရှိနေသော ဟိုင်းလပ်ယာဉ်များကို ဖေဖော်ဝါရီ ၁၅ ရက်အထိသာ လိုင်းပြေးဆွဲခွင့်ပြုမည် ဖြစ်ကြောင်း သက်ဆိုင်ရာက အသိပေးကြေညာထားပြီဖြစ်သည်။

အမှန်တကယ်ဆိုရပါမူ ဟိုင်းလပ်ယာဉ်များသည် ကုန်တင်ယာဉ်အဖြစ်သာ အသုံးပြုသင့်သောယာဉ်ငယ်များဖြစ်ပေသည်။ ပို့ဆောင်ရေးကဏ္ဍလိုအပ်ချက်အရ ဖြည့်ဆည်းအသုံးပြုနေရခြင်းသာ ဖြစ်ပေသည်။

ဗဟန်းမြို့နယ် အုတ်လမ်းမှတ်တိုင်မှ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ကျောင်းသို့ နေ့စဉ်ဟိုင်းလပ်ကားဖြင့် ကျောင်းသွားကျောင်းပြန်ရသည့် အထက်တန်းပြ ဆရာမတစ်ဦးက "ဟိုင်းလပ်ဆိုတာ မစီးမဖြစ်လို့သာ စီးနေရတာ၊ မိန်းကလေးတွေအနေနဲ့ အလွန်ပဲဲက္ကန္တြေမဲ့ပါတယ်၊ ဒီကြားထဲ တစ်စီးနဲ့တစ်စီး အပြိုင်မောင်းပြီဟေ့ဆို အတော့်ကို ကြောက်စရာကောင်းတာ ဘုရားတ စီးရတယ်" ဟု ဆိုပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆွဲနေသော ဟိုင်းလပ်ယာဉ်လိုင်းပေါင်း ၄၆ လိုင်းရှိပြီး ပြေးဆွဲနေသော အစီးရေအားဖြင့် ၈၀၀ ကျော်ရှိနေကြောင်း၊ မထသ(ဗဟို)မှ သိရသည်။ ယာဉ်ပိုင်ရှင်များ၏ အခက်အခဲကြောင့် လိုင်းများတွင် အစီးရေ ၇၀ ကျော်သာ အစားထိုးပြောင်းလဲနိုင်သေးကြောင်း သိရသည်။

မထသ(ရန်ကုန်တိုင်းဒေသကြီး) စီမံမှုအောက်သို့ ၃၈ သီးသန့်(ဟိုင်းလပ်)ယာဉ်များအစား ၃၈ မီနီဘတ်စ်လိုင်းအသစ်အဖြစ် ကိုရီးယားနိုင်ငံထုတ် ဟွန်ဒိုင်းအမျိုးအစား မီနီဘတ်စ်များဖြင့် ပြေးဆွဲရန် ယာဉ်ပိုင်ရှင်များက ခွင့်ပြုမိန့် တောင်းခံထားကြောင်း မထသ တိုင်းရုံး/စီမံရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ခရီးစဉ်အားဖြင့် သုဝဏ္ဏပြည်ထောင်စုတံတားအနီး ဂိတ်ရင်းမှ အသွားတွင် သံသုမာလမ်း၊ အထက်ပုဇွန်တောင်လမ်း၊ အောက်ပုဇွန်တောင်လမ်း၊ ရာဇဓိရာဇ်လမ်း၊ ကမ်းနားလမ်း၊ သိမ်ဖြူလမ်း၊ ကုန်သည်လမ်း၊ ရွှေတိဂုံဘုရားလမ်း၊ အနော်ရထာလမ်း၊ အောင်ရတနာလမ်း (သခင်မြပန်းခြံ) ဗဟိုလမ်း(ဗဟိုအမျိုးသမီးဆေးရုံ)အထိ၊ အပြန်လမ်းတွင် ဗဟိုလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ရာဇဓိရာဇ်လမ်းမှ လာလမ်းအတိုင်း သုဝဏ္ဏပြည်ထောင်စုတံတားအနီးထိ ပြေးဆွဲမည်ဖြစ်ပြီး ယာဉ်စီးခအားဖြင့် ငွေကျပ် ၅၀၊ ၁၀၀ ပိုင်းဖြတ်ခရီးစဉ်ဖြစ်ပြီး ခရီးစဉ်အစအဆုံး ငွေကျပ် ၂၀၀ ဖြစ်သည်။

မီနီဘတ်စ် ဝယ်ယူ၍ ပြေးဆွဲခွင့်တင်ထားသည့် ယာဉ်ပိုင်ရှင်တစ်ဦးက "အခုဆို ၃၈ သီးသန့်(ဟိုင်းလပ်) ယာဉ်ငါးစီးအစား မီနီဘတ်စ်တွေနဲ့ ပြောင်းလဲပြေးဆွဲဖို့ မထသကိုတင်ပြထားပါတယ်၊ ကားတွေလဲအဆင်သင့်ပါပဲ၊ CNG မရသေးရင်တောင် စက်သုံးဆီနဲ့ ပြေးဆွဲသွားဦးမှာပါ၊ ပိုကောင်းတာကတော့ အခုအပ်မယ့် ဟိုင်းလပ်က CNG ကို မီနီဘတ်စ်မှာ တိုက်ရိုက်ပြောင်းလဲတပ်ဆင်ခွင့် ပေးနိုင်ရင်အမြန်ဆုံးအဆင်ပြေသွားနိုင်ပါတယ်"ဟု ဆိုလာပါသည်။

ထို့အပြင် လေအေးစက်တပ် မီနီဘတ်စ် ၅၉ လိုင်းအသစ်တစ်ခု ပြေးဆွဲနိုင်ရန်အတွက်ကိုလည်း ယာဉ်ပိုင်ရှင်များက မထသ(ရန်ကုန်တိုင်းဒေသကြီး)သို့ တင်ပြထားသည်ဟုလည်း သိရသည်။

ခရီးစဉ်များအဖြစ် ဗဟိုအမျိုးသမီးဆေးရုံအနီး ဂိတ်ရင်းမှ အသွားတွင် ဗဟိုလမ်း၊ အောက်ကြည့်မြင်တိုင်လမ်း၊ ဗားကရာလမ်း၊ (မြေနီကုန်း) ဓမ္မစေတီလမ်း၊ ရွှေဂုံလမ်း-အနောက်ရွှေဂုံတိုင်လမ်း၊ အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်း၊ (လမ်း၃၀)ဂိတ်များအထိ၊ အပြန်တွင် ကုန်သည်လမ်း၊ ရွှေတိဂုံဘုရားလမ်းမှ လာလမ်းအတိုင်း ဗဟိုအမျိုးသမီးဆေးရုံဂိတ်ရင်းအထိဖြစ်ပြီး ပုံသေယာဉ်စီးခ ငွေကျပ် ၂၀၀ ဖြစ်မည်ဖြစ်သည်။

**ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း ပြေးဆွဲလျက်ရှိနေသော ဟိုင်းလပ်ယာဉ်များကို ဖေဖော်ဝါရီ ၁၅ ရက်အထိသာ လိုင်းပြေးဆွဲခွင့်ပြုမည် . . .**

အောက်ကြည့်မြင်တိုင် လမ်းမပေါ်ရှိ အမှတ်(၃)ယာဉ်ငယ်လိုင်းဂိတ်အနီးတွင် မီနီဘတ်စ်အသစ်များ တန်းစီရပ်ထားသည်ကို တွေ့ရသည်။ ကားဘေးမှန်တွင် "သင့်လုံခြုံရေးအတွက် CCTV တပ်ဆင်ထားသည်" ဟု စာတန်းလေးတပ်ထားသည်။ အပြန်လမ်းတွင် မထသတိုင်းရုံးမှဆောင်ပုဒ်လေးတစ်ခုကို ပြန်လည်မြင်ယောင်မိလိုက်သည်။ "မြန်မြန်ဆန်ဆန် ထိထိရောက်ရောက်၊ သယ်ယူပို့ဆောင်ရေး"ဟူ၍ ဖြစ်သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## မိမိကိုယ်ကို ဓားဖြင့်ခုတ်၍ သေကြောင်းကြံသူအား အရေးယူ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

လှိုင်သာယာ မြို့နယ်အတွင်း အမျိုးသားတစ်ဦးမှာ မိမိကိုယ်ကို ဓားဖြင့်ခုတ်၍ သေကြောင်းကြံခဲ့သဖြင့် ဖေဖော်ဝါရီ ၃ ရက်တွင် သက်ဆိုင်ရာက အရေးယူလိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က လှိုင်သာယာမြို့နယ် သောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာနေ အမျိုးသားတစ်ဦး မိမိကိုယ်ကို ဓားဖြင့်ခုတ်ခဲ့၍ ဦးခေါင်းတွင် ဒဏ်ရာရရှိကာ အင်းစိန်ဆေးရုံ၌ ရောက်ရှိနေကြောင်း သတင်းအရသွားရောက်စစ်ဆေးရာ အဆိုပါရွာနေ ကိုကျော်ဇင်ဌေး၏ ဦးခေါင်းနောက်စွေ့၌ ပြတ်ရှဒဏ်ရာတစ်ချက် ရရှိထားပြီး(စိုးရိမ်ရ) အခြေအနေရှိနေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်ကိုစုံစမ်းရာ ကိုကျော်ဇင်ဌေးသည် အဆိုပါရက် မွန်းလွဲ ၂ နာရီခွဲခန့်က အရက်သောက်စားမူးယစ်ပြီး ဇနီးနှင့်သားသမီးများကို ဆဲဆိုသည့်ကိစ္စဖြင့် ဇနီးသည်နှင့် စကားများရာမှ အိမ်သုံးဓားမနှင့် မိမိ၏ဦးခေါင်းကို မိမိကိုယ်တိုင်ပြန်လည်ခုတ်ခဲ့သဖြင့် ဒဏ်ရာရရှိခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ မိမိကိုယ်ကို သေကြောင်းကြံစည်သူ ကိုကျော်ဇင်ဌေးအား သောင်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။

**စိုးဝင်း(SP)**


## တင်ဒါခေါ်ယူခြင်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ငှားရမ်းထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်တွင်ရှိသော ဝဇီရာရုပ်ရှင်ရုံ(၁) နှင့် လှိုင်သာယာမြို့နယ်တွင်ရှိသော ဝဇီရာရုပ်ရှင်ရုံ(၂) တွင် DCP (DIGITAL CINEMA PACKAGE ရုပ်ရှင်ပြစက်စနစ်ပြောင်းလဲတပ်ဆင်မည်ဖြစ်ပါသည်။

အဆိုပါရုပ်ရှင်ရုံနှစ်ရုံအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းလိုသူများ ၆-၃-၂၀၁၄ ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

**လိုအပ်သောပစ္စည်းများ**

(၁) DCP ပြစက် 2k (သို့) 4k နှစ်လုံး+ဆက်စပ်ပစ္စည်း+တပ်ဆင်ခ
(၂) Audio 5.1 (သို့) 7.1 နှစ်လုံး+ဆက်စပ်ပစ္စည်း+တပ်ဆင်ခ
(၃) မီးအားထိန်းညှိစက်နှစ်လုံး+ဆက်စပ်ပစ္စည်း+တပ်ဆင်ခ

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**
**အမှတ် ၁၆၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၅၄၄၂၇၀၊ ၅၄၄၂၇၁**

## ကံကောင်း

**အိမ်၊ ခြံ၊ မြေ အကျိုးဆောင်**

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။ (သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

**ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉**
**၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးလှသိန်း ၇/ပခန(နိုင်)၀၈၅၅၆၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် M-၅၈၃၁၂၅ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၇၃၂၂၄၀၈၄**

## အမြန်ပြန်လာပါ

ကျွန်တော် မောင်ငြိမ်းချမ်းဇော်၏ ဇနီးဖြစ်သူ မဝါဝါနွင်း ၁၂/သယဝ(နိုင်)၀၉၃၃၅၀ အပေါ်၌ ပြုမူပြောဆိုမိသမျှ ဝန်ချတောင်းပန်ပါသည်။ (တစ်ပတ်အတွင်းအမြန်ပြန်လာပါ)

**ငြိမ်းချမ်းဇော်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ရစ်ကံလေးကျေးရွာနေ ဦးသိန်းမြင့်-ဒေါ်သန်းလွင်တို့၏သမီး မကျော့ကေသူမြင့်(ခ)ကျော့ကျော့ ၇/သနပ(နိုင်)၀၈၅၉၉၀ သည် မိဘဆွေမျိုးများ လက်မခံနိုင်သောကိစ္စကို မိမိသဘောဆန္ဒအလျောက်ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**မိဘများ**
**ဦးသိန်းမြင့်-ဒေါ်သန်းလွင်**

## မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချခဲ့သော လုံးချင်းတိုက်/တိုက်ခန်း ဝယ်ယူခွင့်ရရှိသူများမှ ငွေအကျေပေးသွင်းရန် အသိပေးကြေညာချက်

၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချထားခဲ့သော အောက်ဖော်ပြပါ အိမ်ရာစီမံကိန်းများရှိ လုံးချင်းတိုက်၊ တိုက်ခန်းများကို ဝယ်ယူထားသူအချို့သည် ငွေပေးသွင်းရမည့် သတ်မှတ်ကာလထက်များစွာကျော်လွန်နေကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးအိမ်ရာ၊
တိုက်အမှတ် A၊ အခန်းအမှတ် ၅၀၂၊ ၅၀၃၊
တိုက်အမှတ် B၊ အခန်းအမှတ် ၀၀၁
(ခ) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ Rose Park (5) ရွှေပင်လုံအိမ်ရာ
လုံးချင်းတိုက်အမှတ် (2G၊ 6H)
(ဂ) သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာ
တိုက် ၂၂၊ အခန်းအမှတ် ၀၀၁
(ဃ) အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ
တိုက်အမှတ် ၂၈၊ အခန်းအမှတ် ၄၀၁
(င) မြောက်ဥက္ကလာပမြို့နယ်၊ မေတ္တာဦးအိမ်ရာ
လုံးချင်းတိုက်အမှတ် ၉
(စ) မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ ၁၊ ၂ အိမ်ရာ
လုံးချင်းတိုက်အမှတ် (၂၀၊ ၆၆၊ ၆၇၊ ၈၁၊ ၈၃၊ ၁၀၂)

၂။ သို့ဖြစ်ပါ၍ အထက်ပါအိမ်ရာစီမံကိန်းရှိ တိုက်ခန်းတန်ဖိုးငွေအကျေပေးသွင်းရန် ကျန်ရှိသူများအနေဖြင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နောက်ဆုံးထား၍ တိုက်ခန်းတန်ဖိုးငွေအကျေပေးသွင်းရန်နှင့် ငွေပေးသွင်းခြင်းမရှိပါက ဝယ်ယူခွင့်ပယ်ဖျက်၍ ပေးသွင်းထားသော တိုက်ခန်းတန်ဖိုးငွေများကို ဌာနမှ ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**



ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

# ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

**ယမန်နေ့မှအဆက်**

**ဒုတိယဝန်ကြီးမှ ဖြည့်စွက်ဆွေးနွေးချက်**

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးကို တာဝန်ယူဆောင်ရွက်နေသည့် ဌာနဖြစ်ပါသည်။ ရေကြောင်းပို့ဆောင်ရေးနှင့် လေကြောင်းပို့ဆောင်ရေးကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ Master Planကို တာဝန်ယူရေးဆွဲနေပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့တွင် Public Transportation Plan ရှိပါသည်။ ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရတို့ညှိနှိုင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ယာဉ်ကြောပိတ်ဆို့မှုတို့ကို ဖြေရှင်းပေးရပြီး အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီးအစိုးရမှ ဖြေရှင်းပေးရပါသည်။ မူဝါဒနှင့်ပတ်သက်၍ ဝန်ကြီးဌာနမှသော်လည်းကောင်း၊ Delivery Unit အနေဖြင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**၅။ ရန်ကုန်အနောက်ပိုင်းခရိုင်တွင် ကရင်ခြံရပ်ကွက်အတွင်းရှိ မြန်မာ့မီးရထားပိုင်မြေပေါ်ရှိ အမှိုက်ပုံများရှင်းလင်းပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ကရင်ခြံရပ်ကွက်၊ ပြင်ပလူနေရပ်ကွက်မှအပ မြန်မာ့မီးရထားပိုင်မြေများပေါ်ရှိ အမှိုက်များအား မြန်မာ့မီးရထားဝန်ထမ်းများမှ အပတ်စဉ်ဌာနပိုင်ကားများဖြင့်လည်းကောင်း၊ ရန်ကုန်မြို့ပတ်လမ်းတစ်လျှောက်ရှိ အမှိုက်များအား အမှိုက်ရှင်းကန်ထရိုက်ဖြင့်လည်းကောင်း နေ့စဉ်သိမ်းဆည်းစွန့်ပစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**၆။ စောရန်ပိုင်မြောက်ရပ်ကွက် ငုဝါလမ်း အနောက်ဘက်ခြမ်းရှိ အိမ်နောက်ဘေးလမ်းမြောင်းနှင့် မီးရထားပိုင်မြေပေါ်တွင် အခိုင်အမာဆောက်လုပ်ထားသော အဆောက်အအုံများ ရှင်းလင်းပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** စောရန်ပိုင်မြောက်ပိုင်း ငုဝါလမ်းအနောက်ရှိ အိမ်နောက်ဘေးလမ်းမြောင်းနှင့် မြန်မာ့မီးရထားပိုင်မြေပေါ်တွင် ကျူးကျော်အဆောက်အအုံငါးလုံးရှိပါသည်။ အဆိုပါ ကျူးကျော်များ ဖယ်ရှားပေးရန် ၂၄-၁၀-၂၀၁၃ တွင် တစ်ကြိမ်၊ ၁၃-၁၁-၂၀၁၃ တွင်တစ်ကြိမ် နို့တစ်စာပေးထားပြီးဖြစ်ပါသည်။ တတိယအကြိမ် နို့တစ်စာပေးပြီးပါက ဖယ်ရှားရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**၇။ ရန်ကုန်အနောက်ပိုင်းခရိုင်မှ လူပိုလုံးဝမတင်တဲ့လိုင်းကား ထားပေးသင့်၊ မီးရထားနှုန်းများကို ရိုးရိုး ၁၀၀၊ ၂၀၀ ကျပ်၊ အထူးရထား ၃၀၀၊ ၄၀၀ ကျပ်နှုန်းများကဲ့သို့၊ အထူး Bus Car ခေါ် ယာယီထားတာမဟုတ်ဘဲ အမှန်တကယ်အထူးကားဖြစ်သင့်၊ စည်းကမ်းကြပ်မတ်ထိန်းသိမ်းပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီသည် ရန်ကုန်မြို့တော်နေ ခရီးသွားလာမှု ပိုမိုအဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ ၂၀၀၈ ခုနှစ်တွင် စီးတီးဘတ်စ်ယာဉ်ကြီးများအား အထူးကားများအဖြစ် သတ်မှတ်ပြေးဆွဲခွင့်ပြုခဲ့ပါသည်။ ထိုသို့အထူးကားများအဖြစ် သတ်မှတ်ခွင့်ပြုစဉ်ကပင် ခရီးသည်ထိုင်ခုံအပြည့်သာတင်ရန် သတ်မှတ်ပေးခဲ့ပြီး ယာဉ်စီးခအား မြို့တွင်းအထူးယာဉ်ပုံသေ-၂၀၀ ကျပ်၊ အဝေးပြေးအထူး ယာဉ်ပုံသေ ၂၀၀ ကျပ်၊ ၃၀၀ ကျပ်၊ ၄၀၀ ကျပ်ဖြင့်လည်းကောင်း၊ ရွှေစည်းသည်ယာဉ်လိုင်းအား ပုံသေ ၃၀၀ ကျပ်ဖြင့်လည်းကောင်း ပြေးဆွဲခွင့်ပြုခဲ့ပါသည်။ ထိုစဉ်က မထသ(ရန်ကုန်တိုင်းဒေသကြီး)၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်(အမိပတိ)၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်(ပါရမီ)နှင့် ရွှေစည်းသည်ယာဉ်လိုင်းများမှ ပြေးဆွဲခဲ့ကြပါသည်။ ယခုအခါ မထသကော်မတီ ၁၀ ခု၏ စီမံမှုအောက်ရှိ ယာဉ်လိုင်းပေါင်း ၄၆ လိုင်းမှ City Bus ယာဉ်စီးရေ ၁၀၂၀ စီးခန့်မှာ အထူးကားများအဖြစ် ပြေးဆွဲလျက်ရှိပါသည်။ အထူးကားများ လူပိုတင်မှုများရှိသဖြင့် စစ်ဆေးအရေးယူလျက်ရှိပါသည်။ ၂၀၀၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ အထူးကားလူပိုတင်မှုကြောင့် အရေးယူခဲ့သော အမှုပေါင်း ၄၉ မှုရှိခဲ့ပါသည်။ ထိုသို့အရေးယူလျက်ရှိသော်လည်း ယာဉ်လုပ်သားများက အထူးကားများတွင် လူပိုတင်လျက်ရှိပါသည်။ မိမိတို့သွားလည်မည့် လမ်းကြောင်းပေါ်တွင် ခရီးသည်တင်ယာဉ်များ၏ အခြေအနေအရ နောက်ကားမည်သည့်အချိန်တွင် ရောက်ရှိမည်ကို မသိသောခရီးသည်များအနေဖြင့်လည်း ၎င်းတို့၏ရုံးချိန်၊ အလုပ်ချိန်မီရေးအတွက် လူပြည့်နေသော အထူးကားများအပေါ်၌ တက်ရောက်စီးနင်းမှုများလည်း ရှိကြပါသည်။ ယာဉ်စီးခအား ပိုမိုသတ်မှတ်ပေးပြီးမှ စီးနင်းရမည့်အထူးကားများသတ်မှတ်ပြေးဆွဲရန်မှာ ခရီးသွားပြည်သူလူထုအားလုံးအတွက်လည်း ခြုံငုံတွက်ချက်စဉ်းစားရမည်ဖြစ်ပါသည်။ လက်ရှိ ပြေးဆွဲလျက်ရှိသော အထူးကားများစည်းကမ်းပိုမိုကောင်းမွန်ရေး ကြပ်မတ်ဆောင်ရွက်သွားပါမည်။ ရန်ကုန်မြို့တော်တွင် ယာဉ်လိုင်းအဖွဲ့အစည်းပေါင်း ၁၇ ဖွဲ့မှ ယာဉ်လိုင်းပေါင်း ၃၅၅ လိုင်း၊ ယာဉ်စီးရေ ၆၆၃၆ စီးဖြင့် ခရီးသည်ပို့ဆောင်မှုပြုလုပ်လျက်ရှိကြပါသည်။ အဆိုပါယာဉ်များ၊ ယာဉ်လုပ်သားများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ဖွဲ့စည်းတာဝန်ပေးအပ်သော ဌာနဆိုင်ရာများပါရှိသော ပူးပေါင်းအဖွဲ့ ၁၀ ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ စစ်ဆေးရေးအဖွဲ့များ၊ မထသ(ဗဟို)နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့များပါသော အထူးစစ်ဆေးရေးအဖွဲ့ ၁၆ ဖွဲ့စသော အဖွဲ့များဖြင့်လည်း စစ်ဆေးကြပ်မတ်လျက်ရှိပါသည်။ မထသ(ဗဟို)မှ အထူးစစ်ဆေးရေးအဖွဲ့ ၁၆ ဖွဲ့သည် ၂၀၁၃ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ ခရီးသည်တင်ယာဉ်စီးရေပေါင်း ၃၉၃၈၃ စီးအား စစ်ဆေးပြီး ပြစ်မှုကျူးလွန်မှုကြောင့် အရေးယူခဲ့ရမှု ၄၆၇၁ မှုရှိပါသည်။ မထသ(ဗဟို)သို့ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ခရီးသွားပြည်သူလူထုများထံမှ တိုင်ကြားမှု ၃၃၀ ကြိမ်ရှိခဲ့ပြီး ၎င်းတိုင်ကြားမှုများအား စစ်ဆေးအရေးယူခဲ့ပါသည်။ ယာဉ်လုပ်သားများ၏ အသိစိတ်ဓာတ်ပြောင်းလဲရေးအတွက်လည်း မထသ(ဗဟို)၌ သင်တန်းများ ဖွင့်လှစ်ပို့ချစေခဲ့ပါသည်။ ၄-၁၀-၂၀၁၃ မှ ၁-၁-၂၀၁၄ ရက်ထိ ယာဉ်လုပ်သားပေါင်း ၅၉၁၇ ဦးတို့အား ပို့ချဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ခရီးသည်တင်ယာဉ်များ စည်းကမ်းပိုမိုကောင်းမွန်ရန် ဆက်လက်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၈။ **မြို့တွင်းခရီးသည်တင်ကားများ အပြိုင်အဆိုင်မောင်းနှင်ခြင်း၊ မှတ်တိုင်တွင် အချိန်ကြာမြင့်စွာ ရပ်နားခြင်း၊ ခရီးသည်များကို အတင်းတွန်းတင်/တွန်းချခြင်း၊ စည်းကမ်းမဲ့မောင်းနှင်ခြင်းများသည် ကားစပယ်ယာနှင့် ဒရိုင်ဘာများက မောင်းနှင်ခြင်းများသည် ကားစပယ်ယာနှင့်ဒရိုင်ဘာများက ၎င်းတို့ငွေရလိုဇောဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ စပယ်ယာလက်ထဲတွင် ငွေမကိုင်ဆောင်ရပါက မတော်လောဘမရှိတော့ဘဲ စနစ်တကျဖြစ်လာမည်ဖြစ်ပါသည်။ IPay Card များ လိုင်းကားအားလုံးတွင် အသုံးပြုနိုင်ရန် အစီအစဉ်ကို မေးမြန်းချက်နှင့်ပတ်သက်၍** ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် ရန်ကုန်မြို့တော်နေပြည်သူလူထု၏ ခရီးသည်တင်မော်တော်ယာဉ်များ စီးနင်းမှု အဆင်ပြေစေရန်အတွက် IPay Card စနစ်ဖြင့် ယာဉ်စီးခပေးချေနိုင်ရန် Kispanadi Express Limited ကို ဆောင်ရွက်စေခဲ့ပါသည်။ Kispanadi Express Limited သည် ၂၀၁၂ ခုနှစ် ဧပြီ ၂ ရက်နေ့မှစ၍ အမိပတိ(အပြာ)ယာဉ်လိုင်းရှိ ယာဉ် ၁၀ စီးတွင် IPay Card စနစ်ကို စတင်တပ်ဆင်ခဲ့ရာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၇ ရက်အထိ မထသ(ဗဟို)ကော်မတီစီမံမှုအောက်ရှိ ယာဉ်လိုင်းပေါင်း ၁၀ လိုင်းမှ City Bus ၃၃၅ စီးတွင် IPay Card စနစ် အသုံးပြုစီးနင်းနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ တပ်ဆင်ထားသော မော်တော်ယာဉ်များရှိ IPay Card ဖြတ်စက် (POS)များ အခမဲ့စနစ်ဖြင့် ထုတ်ပေးသည့်အပြင် အဆင်ပြေစွာ သုံးစွဲနိုင်ရန်အတွက် လိုအပ်သောပြုပြင်ဖြည့်တင်းမှုများ ကူညီဆောင်ရွက်နိုင်ရန် လိုအပ်သောငွေကြေးရှင်းလင်းမှုများအား အဆင်ပြေစေရန် IPay Station ကိုးခုတည်ဆောက်ခဲ့ပြီး ဖွင့်လှစ်ထားသော IPay Stand ကိုးခုရှိခဲ့ပြီးဖြစ်ပါသည်။ တည်ဆောက်ပြီးဖွင့်လှစ်ရန်ကျန်သော IPay Stand ၂၂ ခုရှိပါသည်။ ဖွင့်လှစ်ပြီး Bus Stand တိုင်းတွင်လည်း ခရီးသွားပြည်သူများ ကတ်ဝယ်ခြင်း၊ ငွေဖြည့်တင်းပေးခြင်းများဆောင်ရွက်နိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ Customer Service အဖွဲ့များဖွဲ့၍ Ipay Card အသုံးပြုမှု ရှင်းလင်းပြောကြားခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကတ်တစ်ခုလျှင် ၃၀၀ ကျပ်နှုန်းဖြင့်ရောင်းချခဲ့ရာ ကတ်ပေါင်း ၆၅၀၀၀၀ ခန့် ရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။ နေ့စဉ် Ipay Card အသုံးပြုစီးနင်းမှုအဖြစ် မော်တော်ယာဉ်လိုင်းများတွင် ၁၅၀၀ ခန့်၊ သင်္ဘောစီးနင်းသူ ၁၈၀၀ ခန့်နှင့် ဒဂုံတက္ကသိုလ်အတွင်းရှိ စားသောက်ဆိုင်၌ အသုံးပြုသူ ၁၀၀ ခန့်ရှိကြောင်း သိရှိရပါသည်။ မထသမော်တော်ယာဉ်များတွင် Ipay စနစ် တိုးချဲ့တပ်ဆင်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*



# အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်

**ကျောက်တံခါး ဖေဖော်ဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူးဖလား အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲကို မြို့နယ် အား/ကာ ကော်မတီက ကြီးမှူး၍ မြို့နယ်အား/ကာ ဘောလုံးကွင်း၌ အုပ်စုလေးအုပ်စုခွဲ၍ တစ်အုပ်စုလျှင် လေးသင်းစီဖြင့် စုစုပေါင်း ၁၆ သင်းတို့မှ နေ့စဉ်ယှဉ်ပြိုင်ကစားခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်က ရှုံးထွက်ပွဲစဉ်များအဖြစ် ရဲမာန် FC ဘောလုံးအသင်းနှင့် တောကျွဲအင်းလူငယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တောကျွဲအင်းလူငယ်ဘောလုံးအသင်းမှ ရဲမာန် FC ဘောလုံးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(ဓာတ်ပုံ)** နောက်ဆုံးဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**


## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ကိရိယာပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၁။ Air Conditioner (3 HP Floor Stand) — ၂ လုံး

၂။ ကျောပိုးမြက်ရိတ်စက် (1.5 HP) — ၄ လုံး

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်

**တင်ဒါပိတ်မည့်ရက်** - ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်

**တင်ဒါပိတ်မည့်အချိန်** - ၁၆း၃၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)၊ ဖုန်း-၀၆၇-၄၀၄၂၃၂၊ ၀၆၇-၄၀၄၂၃၄၊ ၀၆၇-၄၀၄၂၀၉ တို့သို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းပိုင် ရန်ကုန်မြို့၊ သတ္တုသိုလှောင်ရုံအတွင်းရှိ သတ္တုသန့်စင်များနှင့် အခြားရောရာသတ္တုများအား အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ရေးအတွက် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၉၀နှင့် ၀၆၇-၄၀၉၃၉၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန**

ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် ဖေဖော်ဝါရီလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

**"Marketing Management Course for Entrepreneurs"**

**စတင်ဖွင့်လှစ်မည့်ရက်စွဲ** - ၁၀-၂-၂၀၁၄ ရက်မှ ၂၀-၂-၂၀၁၄ ရက် (ညနေပိုင်း ၈ရက်သင်တန်း)

**သင်တန်းကြေး** - ၄၀၀၀၀ (ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

**သင်တန်းစုံစမ်းရန်** - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)

**ဖုန်း** - ၅၂၂၈၇၅၊ ၅၂၂၈၇၆

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| (က) | Submersible Pump | 8 Sets | မြန်မာကျပ်ငွေ |
| (ခ) | Ø 4" PVC Pipe | 400 Nos | ။ |

**ပိတ်ရက်နှင့်အချိန်** - ၁၄-၂-၂၀၁၄ ရက် ၁၅း၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)**
**ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈**

## ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်
## (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

ဆေးဝါးတက္ကသိုလ်ရန်ကုန်၏ (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ကျင်းပစစ်ဆေးခဲ့သော စတုတ္ထနှစ် ဆေးဝါးသိပ္ပံ (၁/၂၀၁၃)သင်တန်း (ဘွဲ့ရ)စာမေးပွဲအောင်မြင်သူများ (နောက်ဆက်တွဲစာမေးပွဲအပါအဝင်)နှင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ဆေးဝါးမဟာသိပ္ပံဘွဲ့အတွက် ကျမ်းကြီးကို ပြုစုတင်သွင်းခုခံဖြေဆိုပြီးသူများ လျှောက်ထားနိုင်သည်။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်လွှာပုံစံများကို ဤတက္ကသိုလ် သင်ကြားရေးဌာနစိတ်တွင် တောင်းယူပြီး ပြည့်စုံစွာဖြည့်စွက်လျက် ၆-၂-၂၀၁၄ ရက်မှ ၁၅-၂-၂၀၁၄ ရက်အတွင်း လျှောက်ထားကြရမည်။

**ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်** - ၈-၃-၂၀၁၄ ရက် (စနေနေ့)

**အစမ်းလေ့ကျင့်မည့်ရက်** - ၇-၃-၂၀၁၄ ရက် (သောကြာနေ့)

**ဘွဲ့နှင်းသဘင်ကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီ

**ဘွဲ့နှင်းသဘင်ကျင်းပမည့်နေရာ** - ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာနှင့်အတူ အမျိုးသားများသည် လည်ကတုံးရှပ်နှင့် တိုက်ပုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်၊ အမျိုးသမီးများသည် ရင်ဖုံးအင်္ကျီလက်ရှည် (နားရွက်ပေါ်)ဖြင့် ရိုက်ကူးထားသော (၂×၁ ၁/၂)လက်မအရွယ် ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲပေးပို့ရမည်။

ဘွဲ့နှင်းသဘင်တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)ပေးသွင်းရမည်ဖြစ်ပြီး အဝေးရောက်ဘွဲ့ယူသူများသည် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ပေးသွင်းရမည်ဖြစ်သည်။

၃။ ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ရာတွင် အမျိုးသားများသည် မြန်မာဝတ်စုံ(လည်ကတုံးရှပ်နှင့် တိုက်ပုံ)၊ အနောက်တိုင်း/တိုင်းရင်းသားဝတ်စုံ၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ(လုံချည်၊ အင်္ကျီ) တိုင်းရင်းသားဝတ်စုံ ဝတ်ဆင်ရမည်။ **သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။**

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မော်ကွန်းထိန်းရုံးခန်း ဖုန်း-၉၆၉၉၈၇၇၇သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**စန်းလှိုင်**
**မော်ကွန်းထိန်း၊ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ကျော်ကျော် ၁၂/သကတ(နိုင်)၀၀၁၀၉၁၏ နိုင်ငံကူးလက်မှတ် (နံပါတ် မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၄၂၅၀၂၈၃၈၀**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## သတင်းတို

### လူမှုရေးကူညီမှုအသင်း အခမဲ့ဆေးကုသပေး

ကျောက်တံခါးမြို့မှ ပြဟ္မစိုရ် လူမှုရေးကူညီမှုအသင်းမှာကုသိုလ်ဖြစ် (အခမဲ့)ဆေးခန်းအဖြစ်အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ကျောက်တံခါးမြို့ မြို့ကွင်းတောင်ရပ်ကွက်အောင်သုခလမ်းတွင် ပြဟ္မစိုရ် လူမှုရေးကူညီမှုအသင်းကို ၂၀၁၁ ခုနှစ် အောက်တိုဘာ၁ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး အဆိုပါကုသိုလ်ဖြစ်(အခမဲ့)ဆေးခန်းသို့ မြို့ပေါ်နှင့်မြို့နယ်ပတ်ဝန်းကျင်ကျေးရွာများမှ ဆင်းရဲနွမ်းပါး၍ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆေးကုသမှုခံယူနေကြရာ ယနေ့အချိန်ထိ သံဃာစုစုပေါင်း ၁၆၇ ပါး၊ လူနာဦးရေ ၉၅၁၉ ဦးခန့် ကုသပေးပြီး ဖြစ်ကြောင်း သိရသည်။ စေတနာအလှူရှင်များ လှူဒါန်းလိုပါက ဖုန်း-၀၅၄-၆၀၄၅၂၊ ၀၉-၆၃၀၀၃၃၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မျိုးဦး(ကျောက်တံခါး)**

### ရွှေနတ်တောင်-ကျီးသဲ လမ်းထပ်ပိုးလွှာခင်း

ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တင်ဒါအောင်မြင်သော ခေတ်ဥယျာဉ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသည့် ရွှေနတ်တောင်-ကျီးသဲ လမ်း ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်း(၆/၁မိုင်×၁၂×၄ ခွဲ)ကို ဇန်နဝါရီ ၃၁ ရက်က ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမင်းမောင်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ရွှေဘိုခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**စစ်ကိုင်း ဖေဖော်ဝါရီ ၅**

ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ပညာ့ရိပ်မွန် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း၊ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဦးဘုန်းကြွယ်တို့က နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ပညာ့ရိပ်မွန်ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းအတွက် ကွန်ပျူတာ Laptop တစ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်စာစောင်များကို ပေးအပ်ထောက်ပံ့သည်။

အဆိုပါ ပညာရိပ်မွန် နှစ်ထပ်ကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀၊ အနံပေ ၃၀၊ အမြင့်ပေ၂၀၊ အုတ်ညှပ်နှစ်ထပ်ဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ် ၆၈၅ သိန်းဖြစ်သည်။

ဆက်လက်ပြီး မြေမွန်ကျေးရွာရှိ ရတနာမွန်စာကြည့်တိုက်သို့ ရောက်ရှိရာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဇီးကုန်း-ယမနေ-မလယ်ကျေးရွာမြေသားလမ်း ကျောက်ချောလမ်း ခင်းကျင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ ချောင်းမကြီးကျေးရွာ မူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ပဇိကြီးကျေးရွာသို့ ရောက်ရှိကာဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး မလယ်ကျေးရွာအထက်တန်းကျောင်း၊ နှစ်ထပ် ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှု၊ မလယ်တိုက်နယ်ဆေးရုံ ဆောက်လုပ်နေမှု၊ ရွှေမုဋ္ဌော စေတီတော် ပြုပြင်မွမ်းမံပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခရိုင်ချင်းဆက်အမှတ်(၃)လမ်းမြေသားလမ်း လမ်းပခုံးချဲ့ထွင်နေမှုကို ကြည့်ရှုစစ်ဆေးကာ ခင်ဦးမြို့နယ် အညာသီဟတောဘုရားသို့ ရောက်ရှိဖူးမြော်ကြည်ညိုပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော စေတီတော်နှင့်သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ဝက်လက်မြို့နယ် ရှိမ်းမကားကျေးရွာအထက်တန်းကျောင်း စန်းမြတ်ရောင်ခြည်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကိုကျင်းပသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်၊ ဒုတိယဝန်ကြီးဦးတင်ငွေ၊ တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇော်ဦး၊ ကျောင်းဆောင်သစ်အလှူရှင် ဦးဇော်မင်းဦး မိသားစုတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါ စန်းမြတ်ရောင်ခြည် ကျောင်းဆောင်သစ်သည် အလျားပေ ၁၅၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေ၊ သံကူကွန်ကရစ် အာရ်စီဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် သိန်း ၁၅၀၀ ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော စေတီများ ပြုပြင်ပြီးစီး . . .**

## ဆုတောင်းပြည့် ရွှေဘုန်းတိုးစေတီ ထီးတော်အသစ်တင်မည်

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ဈေးပိုင်းရပ်ကွက်အတွင်း တည်ထားကိုးကွယ်ထားသော ရှေးဟောင်းဆုတောင်းပြည့်ရွှေဘုန်းတိုးစေတီတော်မြတ်ကြီး ထီးတော်အသစ်တင်လှူပွဲကိုတပို့တွဲလပြည့်ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကောဇာသက္ကရာဇ် ၅၂၈၊ သာသနာနှစ်၁၆၉၁ခုနှစ်ခန့်တွင် အလောင်းစည်သူမင်း တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းဆုတောင်းပြည့်ရွှေဘုန်းတိုးစေတီတော်မြတ်ကြီးသည် အကြောင်းများပေါ်ပြီး ပြိုကျပျက်စီးလုနီးပါး အခြေအနေသို့ ရောက်ရှိခဲ့သည့်အတွက် ဘုရားပြုပြင်ရေးတာဝန်ခံ ဆရာတော် ညောင်လေးပင်မြို့ ကုသိနာရုံ နဂါးရုံကျောင်းဆရာတော် ဦးဇောတိပါလက ကျောက်တံခါးမြို့ ဩဝါဒါစရိယ ဆရာတော်များ၏ ဩဝါဒါကိုခံယူ၍ ဘက်စုံပြုပြင်မွမ်းမံနေသည်မှာ ရာနှုန်းပြည့်နီးပါးပြီးစီးအောင်မြင်ခဲ့သည့်အတွက် ထီးတော်သစ်တင်လှူပွဲ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**

# သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၅**

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမည့်အကြောင်း သိကောင်းစရာရှင်းလင်းပွဲကို ရန်ကုန်အရှေ့ပိုင်းခရိုင်မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဇန်နဝါရီ ၃၁ ရက် ည ၈ နာရီက ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ လဝကဦးစီးဌာနမှူးဦးခင်မောင်ညွန့်က နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စများအတွက် မူဝါဒချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များ ရရှိရန်ဖြစ်ကြောင်း၊ ယခုကဲ့သို့သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး မည်သည့်ကိစ္စအတွက်မျှအသုံးပြုခြင်း၊ စစ်ဆေးခြင်းတို့ပြုလုပ်မည်မဟုတ်သဖြင့် မေးလာသည့်မေးခွန်းများကို မှန်ကန်စွာဖြေဆိုခြင်းဖြင့် နိုင်ငံတော်မှ လိုအပ်သော စာသင်ကျောင်း၊ ဆေးရုံ ဆေးပေးခန်း၊ ရေပေးဝေမှုစနစ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးရမည့်ပမာဏ၊ နယ်မြေကာကွယ်ရေးလိုအပ်ချက်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ သက်ကြီးရွယ်အိုဘိုးဘွားများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးနှင့်ကလေးသူငယ်များ စောင့်ရှောက်ရေးတို့အတွက် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် လူဦးရေနှင့်အိမ်အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။ ပထမအကြိမ် ရှင်းလင်းပွဲ အကြိမ် ၂၀ ပြုလုပ်ပေးခဲ့ပြီးနောက် နောက်ထပ်အကြိမ် ၄၀ ထပ်မံရှင်းလင်းဟောပြောမည်ဖြစ်သည်ဟု သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**




**အမည်ပြောင်း**

ဦးအောင်ကျော်မြင့်၏သား ကလောမြို့၊ အထက(၁)၊ အဋ္ဌမတန်း(D)မှ မောင်စိုင်းအောင်မင်းခေါင်အား မောင်ကျော်ဘုန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကျော်ဘုန်းခန့်**

**အမည်ပြောင်း**

ကလောမြို့၊ အမက(၂)၊ တတိယတန်းမှ မောင်သတိုးထွဋ်ခေါင်အား မောင်ဝေယံရှင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဝေယံရှင်းသန့်**

**အမည်ပြောင်း**

ဦးတူးခေါင်၏သား မုံရွာမြို့၊ အလက(၄)၊ ပထမတန်း (က)မှ မောင်တွယ်ခေါင်(ခ)မောင်အာကာကျော်အား မောင်နှိုင်းအာကာဟု ခေါ်ပါရန်။

**ဖခင်အမည်မှန်**

လှိုင်ကော်မြို့၊ အလက(၁)ထခွဲ၊ ပဥ္စမတန်း(က)မှ မောင်ခွန်ဇေယျာမောင်၏ ဖခင်အမည်မှန်မှာ ခွန်မောင်ဖေ ဖြစ်ပါကြောင်း။

**ဦးခွန်မောင်ဖေ**

**ဖခင်အမည်မှန်**

ကချင်ပြည်နယ်၊ လွယ်ဂျယ်မြို့နယ်ခွဲ၊ အထက(ခွဲ)၊စတုတ္ထတန်းမှ မစူးရင့်၏ ဖခင်အမည်မှန်မှာ ဦးကျောင်မေ ဖြစ်ပါကြောင်း။

**ဦးကျောင်မေ**
**လွယ်ဂျယ်မြို့နယ်ခွဲ**

**ရောင်းရန်ရှိသည်**

ပေ ၆၀×၆၀ (လုံးချင်းအိမ်)
အမှတ် ၃၁၈၊ ရွှေနံ့သာရပ်ကွက်
ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
ညီနှိုင်းဈေးဖြင့် ရောင်းမည်။
**ဖုန်း-၀၉-၄၀၁၆၁၅၃၆၈၊ ၀၉-၄၉၄၃၁၅၇၈**

**Naung Yoe Technologies Co.,Ltd.**

**တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းများအလိုရှိသည်**
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Site Engineer ကျား ၅ ဦး
B.E, B.Tech, AGTI (EC,EP,IT) Diploma တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
၂။ Marketing ကျား/မ ၅ ဦး
Marketing အတွေ့အကြုံရှိရမည်။ အခြေခံကွန်ပျူတာတတ်ကျွမ်းရမည်ဖြစ်ပြီး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ၊ ရုပ်ရည်အသင့်အတင့်ရှိ၍ ပြောဆိုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV Form၊ ဓာတ်ပုံတစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း၊ ပညာအရည်အချင်းအထောက်အထားတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း အမှတ် ၉၂၊ သီရိရတနာအဆင့်မြင့်ဈေး၊ နေပြည်တော်သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ **ဖုန်း-၀၆၇-၄၂၀၂၄၄၊ ၄၂၀၂၅၅**

**အမည်ပြောင်း**

ဦးအားဆက်၏သား ကျိုင်းတုံမြို့နယ်၊ ၂၁ မိုင်လမ်းခွဲ၊ အာခါရွာနေ မောင်ထက်မြတ်စည်သူ ၁၃/ကတန(နိုင်)၁၇၄၅၀၉ အား မောင်ကာဇေလဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကာဇေလ**

**နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ ပန်းခင်း(၂)၊ ၄လမ်း၊ အမှတ်(၇/၁၅၄) ဝိုင်းခြံမြေနှင့်ပတ်သက်၍ အများသိစေရန်**

**ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်**

အဆိုပါဝိုင်းခြံနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ မြေစလစ်အမည်ပေါက် ဒေါ်ဘီဘီ ၉/ပမန(နိုင်)၀၂၃၃၇၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုဝိုင်းခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်မျိုးဇော် (အထက်တန်းရှေ့နေ) (စဉ်-၂၉၆၂၆)**
**အမှတ် ၁၅/၂၇၊ ဦးစိန်လမ်း၊ ပခမ်းကျောင်းရှေ့၊ အရှေ့မစိုးရိမ်ရပ်၊ ရွှေချီရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၅၀၅၆၄၉၃**

**အမည်ဖြည့်စွက်ခြင်း**

ကျောက်တော်မြို့၊ ပြည်တော်သာရပ်ကွက်နေ ဦးအောင်ညွန့်စိန်၏ သမီး မလှအေးဝင်း ၁၁/ကတန(နိုင်)၀၆၆၂၇၉အား မလှအေးဝင်း(ခ)မအေးဝင်းဟု အမည်ဖြည့်စွက်ခေါ်ပါရန်။ **မလှအေးဝင်း(ခ)မအေးဝင်း**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဒေသ ၆၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း သီးသန့်ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမျိုးအစား | ပမာဏ |
|---|---|---|---|
| (၁) | ကလေးမြို့၊ ဥပုသ်ချောင်း | ကျောက်ဖြည့်သံဇကာခြင်းအခြေပြု ကျောက်စီမြေထိန်းနံရံ | ၉၀၀ ပေ |
| (၂) | ကလေးမြို့၊ ဥပုသ်ချောင်း | မျောကျောက်ဖြည့်ကရစ်တန်း | ၅၇၀ ပေ |
| (၃) | ကလေးမြို့၊ ဥပုသ်ချောင်း ဆိပ်ကမ်းသာတံတား | ကျောက်စီတမံ | ၂၇၅ ပေ |
| (၄) | ကလေးမြို့၊ ဖောင်းကူးတံတား | မျောတိုင်အခြေပြုကျောက်စီနံရံနှင့် ကျောက်စီတမံ | ၂၀၀ ပေ |
| (၅) | ကလေးမြို့၊ ရေဆန်ကျွန်းဘုရားအနီး | (၁)ရေလွှဲတူးမြောင်း<br>(၂)ရေလွှဲရေကာ | ၇၂၀ မီတာ<br>၈၇ ပေ |

**တင်ဒါပုံစံရယူရမည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ ၆၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့
**တင်ဒါပုံစံရယူရမည့်ရက်** - ၂၇-၁-၂၀၁၄ ရက်မှ ၇-၂-၂၀၁၄ ရက်ထိ
**တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၀-၂-၂၀၁၄ ရက် (တနင်္လာနေ့) ၁၀း၀၀နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၀-၂-၂၀၁၄ ရက် (တနင်္လာနေ့) ၁၂း၀၀နာရီ

ဌာနမှရေးဆွဲထားသည့် ဒီဇိုင်းပုံစံဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ ၆၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၇၁-၂၁၁၆၂၊ ၂၃၂၄၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# မူဆယ်ခရိုင် ဒေသဖွံ့ဖြိုးရေး တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ



**မူဆယ် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့ မူဆယ်နမ့်ခမ်းကုန်သည်များ အသင်းရုံးတွင် ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက တွေ့ဆုံဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ကအမှာစကားပြောကြားပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူက ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ မူဆယ်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကောင်းစံဦးက မူဆယ်ခရိုင်အချက်အလက်များတင်ပြပြီးနောက် မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်စီမံခန့်ခွဲမှု ဥက္ကဋ္ဌများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌများက မိမိတို့ မြို့နယ်အချက်အလက်များ၊ လိုအပ်ချက်များ၊ ဆောင်ရွက်ချက်များကို တင်ပြကြသည်။ တင်ပြချက်များအပေါ် ရှမ်းပြည်နယ်အစိုးရဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ ပြန်လည်ရှင်းလင်းဖြေကြားသည်။ ထို့နောက် ဒေသဆိုင်ရာ စည်ပင်သာယာရေးလုပ်ငန်းများအတွက် အလှူငွေများပေးအပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းက မူဆယ်မြို့၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်များအတွက် တစ်မြို့နယ်လျှင် အလှူငွေကျပ်သိန်း ၅၀၀ စီကိုလည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူက မြို့နယ်သုံးမြို့နယ်မှ ပညာရေးဌာနများအတွက် အလှူငွေကျပ် ၁၀ သိန်းစီနှင့် ကွန်ပျူတာနှစ်စုံစီကိုလည်းကောင်း၊ သစ်တောနှင့်သတ္တုဝန်ကြီးဦးစိုင်းအိုက်ပေါင်းက မြို့နယ်များ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအတွက်တစ်ဖွဲ့လျှင်ကျပ် ၁၀သိန်းစီဖြင့် ပေးအပ်လှူဒါန်းခဲ့ပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မူဆယ်မြို့တွင် တည်ဆောက်လျက်ရှိသောနယူးစတားလိုက်ကုမ္ပဏီမှ ဆောက်လုပ်သော ဗဟိုစီးပွားရေးဇုန်စီမံကိန်းသို့ သွားရောက်ကြည့်ရှုရာ ဂရိတ်ဟော်ခမ်း ရှင်းလင်းဆောင်တွင် မန်နေဂျာဦးငွေစိုးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မူဆယ်မြို့ အဆင့်မြင့်ယာဉ်ရပ်နားစခန်း စီမံကိန်းစခန်းသို့ ရောက်ရှိခဲ့ပြီး ရှင်းလင်းဆောင်တွင် စည်ပင်သာယာရေး ဦးစီးဌာနမှ တာဝန်ရှိသူနှင့် မန်နေဂျင်း ဒါရိုက်တာ ဦးကျော်ဝင်းတို့က ရှင်းလင်းတင်ပြကြသည်။ မူဆယ်မြို့တွင် ဒေသဖွံ့ဖြိုးရေးအတွက် သိန်းသန်းချီကုမ္ပဏီက ဆောင်ရွက်နေသော လုပ်ငန်းများ စည်ပင်တိုးတက်လာခြင်းနှင့်အတူ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်နေပြီဖြစ်သည်။

**စည်ပင်တိုးတက်ခြင်းနှင့် အတူ အလုပ်အကိုင်အခွင့် အလမ်းများ ပေါ်ပေါက်. . .**

**သိန်းဇော်(ရွှေလီဦး)**

# တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး မြိုင်မြို့နယ်၌ ဟောပြော

**မြိုင် ဖေဖော်ဝါရီ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် မြိုင်မြို့နယ်ရှိ ကျောင်းသားကျောင်းသူများအား အောင်ချက်မြင့်မားရေးနှင့် အောင်မှတ်မြင့်မားရေးအတွက် ပခုက္ကူတက္ကသိုလ်မှ ကထိက ဆရာ ဆရာမများက ဘာသာရပ်အလိုက် ပို့ချဟောပြောခြင်းကို ဖေဖော်ဝါရီ ၃ ရက် နံနက်က ဟောပြောပို့ချသည်။

အဆိုပါဟောပြောပွဲသို့ မြိုင်မြို့ အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာကြီးက မြိုင်၊ ကျောက်ဆောက်၊ ဗဟင်းအထက်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား လာမည့်စာမေးပွဲအတွက် ဖြေဆိုရာတွင် အောင်ချက်နှင့် အောင်မှတ်မြင့်မားရေးအတွက် လာရောက်ပို့ချဟောပြောသည်။ ပခုက္ကူတက္ကသိုလ်မှ ကထိက ဆရာ ဆရာမများ ဟောပြောချက်များကို လေ့လာမှတ်သားရန်ပြောကြားသည်။

ထို့နောက် ပခုက္ကူတက္ကသိုလ် ကထိက ဆရာ ဆရာမများက ဘာသာရပ်အလိုက် ဟောပြောသင်ကြားပို့ချရာ အင်္ဂလိပ်စာဘာသာအတွက် ကထိက ဆရာမ ဒေါ်သူဇာက တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူ ၇၀၀ ကို အင်္ဂလိပ်စာဘာသာရပ် သင်ကြားပို့ချကြောင်း သိရသည်။

**(၁၈၃)**



# ညောင်လေးပင်မြို့၌ အသိပညာပေးဟောပြော

**ညောင်လေးပင် ဖေဖော်ဝါရီ ၅**

မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အခြားဥပဒေများ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ စက်ရုံလမ်းရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိဟံစိုးက အမှာစကားပြောကြားသည်။ ထို့နောက် ညောင်လေးပင်မြို့နယ် ဥပဒေအရာရှိ ဦးသူရသင်းဇော်(ဝဲပုံ)က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုဆိုင်ရာ ဥပဒေများအကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မှုခင်းဆိုင်ရာ ဥပဒေများအား ရှင်းလင်းပြောကြားကာ အထက(ခွဲ) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်အုံးက ကျေးဇူးတင်စကားပြောကြားသည်။

**နေလင်း(ညောင်လေးပင်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃က/၉၆၂၀၊ Toyota Corolla EE 96 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါက်တာဦးဟန်ဌွေး ၁၂/တမန(နိုင်)၀၁၁၉၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၀ယ/၃၄၃၁၇၊ Kenbo CNA, 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်နွဲ့ ၉/မနတ(နိုင်)၀၀၃၉၆၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ကျေးဇူးဆပ်ပါမည်**

မြိတ်မြို့၊ ဇေယျာသီရိ (၃) ရပ်ကွက်၊ အမှတ် ၂၂ နေ ဦးသန်းလွင် ၆/မအရ(နိုင်) ၀၄၀၁၃၄ ပိုင်သည့် အောင်မြင့်မြတ်- ၆၃ (CMD/0007/12) ကုန်တင်ရေယာဉ်၏ ဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

**ဦးသန်းလွင်**

**ဖုန်း-၀၉-၄၂၂၂၁၄၀၄၃**

**ကန့်ကွက်နိုင်ကြောင်း**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၀၄၊ မြေကွက်အမှတ် ၆၅၇၊ မြေကွက်တည်နေရာအမှတ် ၆၅၇၊ ရွှေဝါထွန်း ၂ လမ်း၊ ၁၀၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒေါ်ငယ် HZA-၁၀၁၅၃၅ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ငယ်(အပျိုကြီး)၊ ထံမှ ဒေါ်သန်းသန်း(ခ)ဒေါ်သန်းသန်းဆင့် HZA-၂၂၇၉၂၂မှ တူမအရင်း တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များ၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ် ဂရန်သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**“ဇေယျာသိဒ္ဓိ” မန္တလေး-မိတ္ထီလာကုန်စည်ပို့ဆောင်ရေး၏ မိတ်ဟောင်းမိတ်သစ်များနှင့်**

**အများသိစေရန် အသိပေးကြေညာခြင်း**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်၊ ပုလဲရုံဝင်း၊ အကွက်(၁၅၉)နေ ဦးကံချွန် ၉/မနမ(နိုင်)၀၃၄၅၃၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကံချွန်နှင့်သားများ “ဇေယျာသိဒ္ဓိ”မန္တလေး-မိတ္ထီလာ ကုန်စည်ပို့ဆောင်ရေး**လုပ်ငန်းအား ၁၉၉၀ ပြည့်နှစ်မှစ၍ လုပ်ကိုင်ခဲ့ရာ ကောင်းသော ဂုဏ်သတင်းကျော်စောမှုများဖြင့် ရပ်တည်ခဲ့ပါသည်။

**ဦးကံချွန်နှင့်သားများ“ဇေယျာသိဒ္ဓိ”**ကားဂိတ်များကို မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၂ လမ်း၊ ၂၉×၃၀ လမ်းကြားတွင်လည်းကောင်း၊ မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ပြည်ကြီးမင်္ဂလာကားကြီးဝင်း၊ အဆောင်(EE-4) တွင်လည်းကောင်း၊ မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်၊ နယ်မြေ(၂)တွင်လည်းကောင်း ဖွင့်လှစ်၍ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်၊ နယ်မြေ(၂)ရှိ **“ဇေယျာသိဒ္ဓိ” ကုန်စည်ပို့ဆောင်ရေးဂိတ်**အား မိတ္ထီလာမြို့၊ ရတနာသင်းကျစ်ဘုရားဝင်း၊ အခန်းအမှတ်(၃၂)တွင် ပြောင်းရွှေ့ဖွင့်လှစ်ထားပါကြောင်း **“ဇေယျာသိဒ္ဓိ”**၏ မိတ်ဟောင်းမိတ်သစ်များအား အသိပေးကြေညာပါသည်။

အထက်ဖော်ပြပါ **ဦးကံချွန်နှင့်သားများ “ဇေယျာသိဒ္ဓိ”**၏ နာမည်ဂုဏ်သတင်းနှင့် အကျိုးစီးပွားထိခိုက်ပျက်စီးစေရန် တုပ၍လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ ထင်ယောင်ထင်မှားဖြစ်စေရန်သော်လည်းကောင်း ပြုလုပ်ဆောင်ရွက်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **ဦးကံချွန်** | **ဒေါ်နန်းယုလှိုင် LL.B, D.B.L** |
| **၉/မနမ(နိုင်)၀၃၄၅၃၄** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၅၂)** |

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၅ယ/၄၉၉၆၃၊ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသီတာ ၉/ပကခ(နိုင်)၀၀၄၉၁၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၈၆၂၃၊ Honda Click 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူဆွေ ၉/မဟမ(နိုင်)၀၄၀၂၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၆ယ/၈၉၆၄၂ Star (Myanmar 90-1) M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ထူး ၉/မနမ(နိုင်)၀၀၀၂၅၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# မိဘမဲ့ကလေးများကို စောင့်ရှောက်နေသည့် အေးရိပ်မွန်အမျိုးသမီးငယ်များ ဂေဟာ

**ကလေး ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အေးရိပ်မွန်အမျိုးသမီးငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဂေဟာသည် မိဘမဲ့ကလေးငယ်များကို ပြုစုစောင့်ရှောက်နိုင်ရန်အတွက် ချမ်းမြေ့အောင်စည်ရပ်ကွက်အတွင်း အလျားပေ ၄၀၀၊ အနံပေ ၃၅၀ အကျယ်အဝန်းရှိသော မြေကွက်အပေါ်တွင် (၁၀၉×၃၁× ၂၂) ပေရှိ နှစ်ထပ်အဆောက်အအုံကို ၁၉၉၈ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး မိဘမဲ့အမျိုးသမီးငယ်များကို



၂၆-၉-၂၀၀၁ ရက်မှစ၍ လက်ခံပြုစုစောင့်ရှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂေဟာစဖွင့်ခါစက ချင်းပြည်နယ် တီးတိန်မြို့ရှိထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တဝဏ္ဏသီရိ ကိုယ်တော်တိုင် ထိန်းသိမ်းပြုစုစောင့်ရှောက်လျက်ရှိသော မိဘမဲ့ချင်းတိုင်းရင်းသူ ၁၄ ဦးကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန် အေးရိပ်မွန်ဂေဟာထံအပ်နှံခဲ့ရာကစပြီး ယခုဆိုလျှင် စုစုပေါင်း ၃၂ ဦးကို ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

မိဘမဲ့ဂေဟာမှ ပြုစုစောင့်ရှောက်မှုဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးရှစ်ဦး၊ ပထမနှစ် ဂုဏ်ထူးတန်း တက်နေသူ တစ်ဦး၊ ပထမနှစ်ဓာတုဗေဒတက်နေသူတစ်ဦး၊ ယခုလက်ရှိ တက္ကသိုလ်ဝင်တန်းတက်နေသူ လေးဦးရှိပါတယ်။ ဂေဟာတွင် အသက်အငယ်ဆုံးမှာ လေးနှစ်ရှိပြီး အသက်အကြီးဆုံးက ၁၉ နှစ်ထိရှိပါတယ်။ နေ့စဉ်ကျွေးမွေးစရိတ်ကို အရင်းမပျောက်မတည်ငွေမှ အတိုးကျပ်ဖြင့်လည်းကောင်း၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများမှ လစဉ်လှူဒါန်းငွေများဖြင့် လည်းကောင်း၊ ပြင်ပအလှူရှင်များမှ ရံဖန်ရံခါကျွေးမွေးစရိတ်လှူဒါန်းခြင်း၊ ကိုယ်တိုင်ကိုယ်ကျလာရောက်ချက်ပြုတ်ကျွေးမွေးခြင်းများဖြင့် ပြုစုစောင့်ရှောက်လျက်ရှိကြောင်း တာဝန်ခံထံမှသိရသည်။

**သျှင်နေမင်း**

---

**ကျောက်တန်း ဖေဖော်ဝါရီ ၅**

# မူကြိုကလေးများ ကာယ၊ ဉာဏစွမ်းရည်ပြိုင်

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် မူကြိုကလေးများ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၂နာရီက မိခင်နှင့်ကလေးအသင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်နွယ်တင်ညွန့်က အမှာစကားပြောကြားပြီးနောက် ပြိုင်ပွဲကို ကျင်းပပေးခဲ့ရာ ပထမရရှိသော ကျောက်တန်းမူကြို၊ ဒုတိယရရှိသော ပါဒကြီးစံပြကျေးရွာမူကြိုနှင့် တတိယရရှိသောမြိုင်သာယာမူကြိုတို့ကို မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက ဆုများချီးမြှင့်ခဲ့သည်။

ယင်းသို့ ကလေးငယ်များပြိုင်ပွဲများကျင်းပရခြင်းရည်ရွယ်ချက်သည် ကလေးသူငယ်များ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရေးနှင့်ကိုယ်ကာယဖွံ့ဖြိုး တိုးတက်စေရေးတို့အတွက် ကျင်းပပေးရခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်ကလေး ၂၀ ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

### သတင်းတိုများ

## နေပြည်တော်တပ်ကုန်းမြို့နယ်တွင် မြကျွန်းသာစာကြည့်တိုက်ဖွင့်

နေပြည်တော်တပ်ကုန်းမြို့နယ် အလယ်ကျွန်းစံပြကျေးရွာရှိ မြကျွန်းသာစာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက တပ်ကုန်းမြို့နယ် အလယ်ကျွန်းစံပြကျေးရွာ မြကျွန်းသာစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မဟာကိုးဆူတိုက်မြသရဖူ မိုးကုတ်သင်တန်းကျောင်း ပဓာနနာယကဆရာတော် ဒေါက်တာအရှင်သုဝဏ္ဏ(ရွှေသုဝဏ်)က စာကြည့်တိုက်အတွက် ငွေကျပ်တစ်ဆယ့်နှစ်သိန်းကိုးသောင်းတန်ဖိုးရှိ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ဥတ္တရသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်စုစန္ဒာဝိုင်းနှင့် အလှူရှင်များက စာအုပ်စာစောင်များပေးအပ်လှူဒါန်းပြီးနောက် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုငွေများပေးအပ်

ပြည်ထောင်စုလွှတ်တော်မှ ခွဲဝေချထားပေးသော မြို့နယ်အလိုက် ဖွံ့ဖြိုးရေးရန်ပုံငွေများကို ဝက်လက်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့မှ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မှ တာဝန်ခံအင်ဂျင်နီယာများထံသို့ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဝက်လက်မြို့နယ်အတွက် ခွင့်ပြုငွေကျပ်သိန်း ၁၀၀၀ ကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်က သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ခဲ့ပြီး အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ခွင့်ပြုငွေများကို ဝက်လက်မြို့နယ်အတွင်းရှိ ရေရရှိရေးလုပ်ငန်းနှစ်ခု၊ ကျေးလက်လမ်းတံတား ၃၉ ခု၊ ပညာရေးဆိုင်ရာ အဆောက်အအုံပြုပြင်ရန်လုပ်ငန်း ၁၂ ခုနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ ပြုပြင်ရန် လုပ်ငန်းနှစ်ခု စုစုပေါင်းလုပ်ငန်း ၅၅ ခုကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

# မလှိုင်မြို့နယ်၌ တိုင်းရင်းဆေးဖြင့် ဝေဒနာရှင် ၁၄၇၉ ဦးကို ဆေးကုသပေး

**မလှိုင် ဖေဖော်ဝါရီ ၅**

မလှိုင်မြို့နယ် သာသနာ့ဝေပုလ္လလေးမျက်နှာစာသင်တိုက် ဘဒ္ဒန္တခမ္မိက ဆရာတော်ကြီး၏ သက်တော် (၈၁)နှစ်ပြည့် ဝိဇ္ဇာတပူဇာမင်္ဂလာ အထိမ်းအမှတ်အနေဖြင့် မလှိုင်မြို့နယ်အတွင်းရှိ ဝေဒနာရှင် ဒေသခံပြည်သူများအား ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီက စတင်ပြီး သာသနာ့ဝေပုလ္လ လေးမျက်နှာစာသင်တိုက်ကျောင်းဝင်းအတွင်း၌ တိုင်းရင်းဆေးဖြင့် နှစ်ရက် တိုင်တိုင် ဆေးကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းဆေးကုသပေးရာသို့ ဆရာကြီး ဦးမျိုးမြင့် (ဥက္ကဋ္ဌ)၊ မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်း ဆရာကြီး ဦးအုန်းဆွေမြင့်၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ဆရာကြီး ဦးမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး ခုတင် ၁၀၀ သင်ကြားရေးဆေးရုံအုပ်ကြီး ဦးဆောင်မှုဖြင့် ဆရာ ဆရာမ ၄၀ က ဒေသခံဝေဒနာရှင်များအား ဇီဝိတဒါန ကုသိုလ်ဖြစ် အခမဲ့ဆေးကုသပေးခဲ့ပြီး ဒေသခံအလှူရှင်များကလည်း နှစ်ရက်တိုင်ပင့်သံဃာတော်များနှင့် တပည့်သံဃာတော်အပါး ၃၀၀ ကျော်တို့ကို ဆွမ်းကပ်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး အရပ်လေးမျက်နှာမှ ရောက်ရှိလာကြသည့် ဒေသခံပြည်သူများအား စတုဒိသာ ထမင်းဟင်းများ ဧည့်ခံကျွေးမွေးခဲ့ပြီး တိုင်းရင်းဆေးဖြင့်ဝေဒနာရှင် လူနာပေါင်း ၁၄၇၉ ဦးကျော်ကို ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

---


**စစ်ကိုင်းအသင်း(ရန်ကုန်)**
**သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့်**
**နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ**

စစ်ကိုင်းအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၉ ရက်)စနေနေ့ မွန်းလွဲ ၁း၀၀နာရီမှ ညနေ ၄း၀၀ နာရီ အထိ M-3 စားသောက်ဆိုင် အာဇာနည်ကုန်းအနီး ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ပါသည်။

သီးခြားဖိတ်စာပေးပို့ခြင်းမရှိပါသဖြင့် ရန်ကုန်မြို့တွင်နေပြီး စစ်ကိုင်း နယ်သူ၊ နယ်သားများအားလုံးနှင့် အသင်းသားများ၊ စိတ်ပါဝင်စားသူများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်ပေးကြပါရန် အသိပေးနိုးဆော် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ-**
**(၁)ဒေါ်မြင့်မြင့်သောင်း ဖုန်း-၀၉-၅၀၂၁၁၁၀၊ (၂) ဒေါ်လွင်လွင် ဖုန်း-၀၉-၇၃၀၅၇၆၉၃၊ ၀၁-၆၈၇၈၆၅၊ (၃) ဒေါ်ခင်ဖြူဖြူဌေး ဖုန်း-၀၉-၄၂၁၀၆၃၃၅၄၊ (၄) ဒေါ်မြင့်မြင့်စန်း ဖုန်း-၀၁-၅၀၃၇၅၉၊ (၅) ဗိုလ်မှူးသန်းမြင့်(ငြိမ်း) ဖုန်း-၀၁-၅၆၉၉၃၀၊ (၆) ဦးကျော်ကျော်စိုး ဖုန်း-၀၁-၅၃၁၄၈၈၊ ၅၀၀၄၅၆**

**အမည်ပြောင်း**
ဦးဝင်းမြင့် ၁၂/လကန(နိုင်)၁၄၁၆၈၀ ၏ သမီး အထက-၂၊ ရန်ကင်း နဝမတန်း(A)မှ မချောသင်ဇာအား မချောသဥ္ဇာဟုပြောင်းလဲခေါ်ပါရန်။
မချောသဥ္ဇာ

**ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)**
**နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း**

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၁၆-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အနောက်ရွှေဂုံတိုင်လမ်း M-3 စားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားပါသည်။
**အမှုဆောင်အဖွဲ့**

**အသိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ မြေတိုင်းအမှတ် ၁၄/အက်ဖ်၊ အကွက် ၁၂၊ အမှတ် ၁၄၅/၁၄၇ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့်ပတ်သက်၍ ၂၀၀၃ ခုနှစ် ဧပြီ ၃၀ရက်စွဲဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ အမွေထိန်းလက်မှတ်စာ ရရှိပြီးဖြစ်သည့်အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီထိန်းသိမ်းထားမှုအား ၂၀၀၇ ခုနှစ် ဧပြီ ၅ရက် ရက်စွဲဖြင့် ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းခံရသူဖြစ်ပါ၍ ယင်းမြေနှင့်အဆောက်အအုံမှာ ပိုင်ရှင်ရှိကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဦးမောင်မောင် ၁၂/ဥကမ(နိုင်)၁၁၉၈၅၀**
**ဖုန်း-၀၉-၇၃၂၃၅၉၅၆**



အထက်ပါဓာတ်ပုံရှင် အောင်ကိုကို အသက်(၂၀) (ဘ)ဦးအောင်ဆန်း အောက်ကျောင်းကျေးရွာ ကော့မှူးမြို့နယ်နေသူသည် နေအိမ်မှ ၆-၁-၂၀၁၄ ရက်တွင် ထွက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန်**
**ဖုန်း-၀၉-၅၁၆၉၄၀၃၊**
**၀၉-၄၉၀၀၂၉၈၈**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် ဏ/၁၆၆၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွနံပါတ်ပြား**
**ပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဂ/၆၂၅၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**အများသိစေရန်ကြေညာချက်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၄)၊ ဘလုတ်သူဌေး၊ ဦးပိုင်အမှတ် ၇၊ ဧရိယာ ၁ ဒသမ ၆၄၀၃ဧကရှိ ဦးတင်ဝင်း-ဒေါ်ဥမ္မာခင်အမည် နှစ် ၃၀ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်ခံအိမ်တစ်လုံး၊ ဂိုဒေါင် အဆောက်အအုံနှစ်လုံး၊ ဆန်စက်အဆောက်အအုံတစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား AGD Bank Ltd.(ညောင်လေးပင်)ဘဏ်ခွဲတွင် အပေါင်အာမခံအဖြစ် စာချုပ်စာတမ်းများအပ်နှံပြီး ဘဏ်ချေးငွေ ထုတ်ချေးခဲ့ပါသည်။ အဆိုပါစာချုပ်စာတမ်းများအနက် နှစ် ၃၀မြေငှားဂရန် စာချုပ်မူရင်းပေါ်ရှိ စာသားများမှာ ရေစိုပျက်ပြယ်သွားပါသောကြောင့် ဂရန်စာချုပ်မိတ္တူမှန် လျှောက်ထားသွားမည်ဖြစ်ပါသည်။

ထိုသို့ ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထား အခိုင်အလုံဖြင့် AGD Bank ညောင်လေးပင်ဘဏ်ခွဲသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်**
**(ညောင်လေးပင်ဘဏ်ခွဲ)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7B/7447 HINO DUTRO, VAN (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၁၂/သကတ(နိုင်)၁၁၀၉၇၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကြော်ငြာ

**ဝမ်းနည်းကြေကွဲခြင်း**

### ဒုတိယဗိုလ်မှူးကြီးဖြိုးကိုလင်း (ရေ/၃၈၂၈)

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၇)**

**အသက်(၄၁)နှစ်**

တပ်မတော်အရိုးရောဂါကုဆေးရုံကြီးမှ ဗိုလ်ကြီးမူယာ၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးဖြိုးကိုလင်းသည် ၁-၂-၂၀၁၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၁၆) စစ်သူနာပြုအရာရှိများ**

**ဝမ်းနည်းကြေကွဲခြင်း**

### ဗိုလ်မှူးဝင်းဆွေ (ငြိမ်း)

**ကြည်း/၁၁၂၃၈**

**စစ်တက္ကသိုလ်အပတ်စဉ်(၉)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၅၊ အခန်း ၇နေ ဗိုလ်မှူးဝင်းဆွေ(ငြိမ်း)သည် ၄-၂-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၉)**
**ကျောင်းဆင်းသူငယ်ချင်းများ**

**(၅)နှစ်ပြည့်ဝမ်းနည်း**

### ဗိုလ်မှူးနေမျိုးဦး (ငြိမ်း)

**ကြည်း ၁၃၈၂၅၊ D.S.A (17)**

ဗိုလ်မှူးကွယ်လွန်ခဲ့သည်မှာ (၅)နှစ်ပြည့်မြောက်ခဲ့သော်လည်း ယခုထိတိုင် ဗိုလ်မှူးကို သတိရလျက် ဗိုလ်မှူးအတွက်ရည်စူး၍ အလှူအတန်းများပြုလျက် ကောင်းရာသုဂတိရောက်စေရန် အမြဲဆုတောင်းလျက်ရှိပါသည်။

**ကျော်လင်းထူး(ခ)ဖိုးကျော်**

**အထူးဝမ်းနည်းကြေကွဲခြင်း**

### ဒေါ်ကြိုင်ကြိုင်(ခ)ဒေါ်ရွှေလန်း

**အသက်(၈၅)နှစ်**

ဒေါက်တာမီမီချို (သမားတော်ကြီး၊ မင်းဘူးပြည်သူ့ဆေးရုံကြီး)၏ မိခင်ဖြစ်သူ ဒေါ်ကြိုင်ကြိုင်(ခ)ဒေါ်ရွှေလန်း အသက်(၈၅)နှစ်သည် ၂၈-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၂) (၁၉၈၄-၁၉၉၀)မှ**
**သူငယ်ချင်းများ**

**ဝမ်းနည်းကြေကွဲခြင်း**

### ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ရန်လင်း

**အသက်(၆၈)နှစ်**

ဦးလှထွန်းနှင့်အဖွဲ့လီမိတက် စာရင်းစစ်အဖွဲ့မှ ဒါရိုက်တာ ဦးမောင်မောင်အောင်၏ မိခင်ဖြစ်သူ ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ရန်လင်း အသက်(၆၈)နှစ်သည် ၄-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**

**အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်**

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### Dr. L. Je Naw

**အသက်(၆၂)နှစ်**

ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာမြို့နယ်ခွဲတွင် နေထိုင်ခဲ့သော သိက္ခာတော်ရဆရာတော် ကြီး (ဦးလဇုံဒေး-ဆရာမဒေါ်မရစ်ကိုင်)တို့၏မြေး၊ ဆေးဆရာကြီး (ဦးလဇုံဂမ်)-ဆရာမဒေါ်အူလိုင်မာဖန်တို့၏ဒုတိယသား၊ (ဦးလဇုံဒေးလီ)-ဒေါ်အမ်ခါးရာ၏ညီ၊ သင်းထောက် ဦးအယ်(လ်)လဘောက် - ဆရာမ ဒေါ်ဂျာဖန်၊ ဦးအယ်(လ်)တူးအောင်-ဒေါ်ခေါင်စေး၊ ဦးအယ်(လ်)ဂွန်းဘူ-ဒေါ်ဆိုင်းမြတ်၊ ဦးအယ်(လ်)ယော်နန်-ဒေါ်လုဘူတို့၏အစ်ကို၊ ဦးအယ်(လ်)ဒေးရှောင်(USA)-ဒေါ်စောသီရိစန္ဒာ(ခ)လဖိုင်နန်ဆိုင်းအောင်(USA)၊ ဒေါ်အယ်(လ်)ခေါန်ဘူ(USA)-ဦးဂွန်နောင်(USA)၊ ဒေါ်အယ်(လ်)လုအောင်(USA)-ဦးသက်ဇော်(ခ)သောမတ်(စ်)(USA)၊ မောင်အယ်(လ်)ဂျာဆင်းနော်ရိန်(USA)တို့၏ဖခင်၊ Isabel ခေါန်ဆိုင်းအောင်၏အဘိုး၊ ဆရာမဒေါ်လဖိုင်နန်တောင်(ခ)Dorothy Shan Lone (USA)၏ခင်ပွန်း ဒေါက်တာအယ်(လ်)ဂျေနော်(M.B.,B.S, Ygn) (သုခမြိုင်ဆေးကုဂေဟာ၊ လာရှိုးမြို့)သည် ၃-၂-၂၀၁၄ရက် မြန်မာစံတော်ချိန် နံနက် ၁၀း၃၀နာရီ၊ အမေရိကန်စံတော်ချိန် ၂-၂-၂၀၁၄ရက် ည ၇း၅၀နာရီတွင် အမေရိကန်နိုင်ငံရှိ နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၄ရက်(စနေနေ့) မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂း၃၀နာရီအထိ လားရှိုးကချင်နှစ်ခြင်းအသင်းတော် ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းခြင်းပြုလုပ်မည်ဖြစ်ပါ၍ အတူတကွ ဝတ်ပြုနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**

### ဦးရန်ပိုင်(ခ)ဦးကိုကိုနိုင်

**အသက်(၄၆)နှစ်**

ဒေါက်တာဒေါ်ဥမ္မာရီ (မျက်စိအထူးကုဆရာဝန်ကြီး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး)၏ခင်ပွန်း ဦးရန်ပိုင်သည် ၃၀-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆေးတက္ကသိုလ်(၂) (၁၉၈၄-၁၉၉၀)မှ**
**သူငယ်ချင်းများ**

**ဝမ်းနည်းကြေကွဲခြင်း**

### ဒေါ်မြကြည် (အောင်ပန်း)

**အသက်(၉၁)နှစ်**

ဦးငွေအောင် (သံအမတ်ကြီး စင်ကာပူသမ္မတနိုင်ငံ) - ဒေါ်ခင်ခင်ဦးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြကြည်(အောင်ပန်း) အသက်(၉၁)နှစ်သည် ၃-၂-၂၀၁၄ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)မှသူငယ်ချင်းများ**

### ဦးလှမြင့်

**အသက်(၈၀)**

ရန်ကုန်မြို့၊ (၁၀)တောင်ရပ်ကွက်၊ အမှတ် ၈၄၅၊ သာကေတမြို့နယ်နေ (ဦးမောင်ကွန့်-ဒေါ်စောတင်)တို့၏သားကြီး၊ (ဦးလှထွန်း)-ဒေါ်ပုစိန်၊ (ဦးလှဝင်း)-ဒေါ်ဒေါ်လီတို့၏အစ်ကိုကြီး၊ ဦးဇင်း ဦးဂန္ဓမာ(မောင်ကျော်မင်းအောင်)၏ ခမည်းတော်၊ ဦးတင့်ဝေ(နည်းပြအရာရှိ၊ ရေကြောင်းကောလိပ်၊ ရန်ကုန်မြို့)-ဒေါ်ဥမ္မာမြင့်၊ မောင်အောင်ကိုကို-မလှလှမိုး၊ မောင်ကျော်ကျော်အောင်-မကြည်ကြည်မိုး၊ မောင်ဉာဏ်စိုး-မခင်စန္ဒာမြင့်၊ မောင်ဇော်ဇော်ထက်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်စိန်၏ခင်ပွန်းသည် ၄-၂-၂၀၁၄ရက် ညနေ ၄း၄၅ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီးမှအေးရိပ်ငြိမ် သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ရန်လင်း

**အသက်(၆၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးအရှေ့ပိုင်းရပ်ကွက်၊ ၉၁လမ်း၊ အမှတ် ၁၀၆ (လေးလွှာ-ဘီ)နေ ဦးတင်မြ၏ဇနီး၊ ဦးမောင်မောင်အောင်(U Hla Tun & Associates Limited)-ဒေါ်အေးအေးခင်၊ ဦးမောင်မောင်မြင့်-ဒေါ်ချောနှင်းငယ်၊ မစန္ဒာမြင့်၊ ကိုရဲထွန်းနောင်၊ ကိုဉာဏ်လင်းမောင်-မသီရိစန္ဒီနိုင်တို့၏မိခင်၊ မြေး၄ယောက်တို့၏အဘွားသည် ၄-၂-၂၀၁၄ရက် (အင်္ဂါနေ့) ည ၇း၃၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးကောင်းတုံတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ရန်လင်း

**အသက်(၆၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဟီရိလမ်း ၂၀၊ အမှတ် ၅၃၂နေ (ဦးဆင်-ဒေါ်ညွန့်)တို့၏သမီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးအရှေ့ပိုင်းရပ်ကွက်၊ ၉၁လမ်း၊ အမှတ် ၁၀၆(လေးလွှာ-ဘီ)နေ ဦးတင်မြ၏ဇနီး၊ ဦးရဲနိုင်(Asia World Co., Ltd.)-ဒေါ်စန်းဝင်းတို့၏ညီမ၊ ဒေါ်သန်းလှ၊ ဦးမောင်ကျော်၊ (ဦးမောင်ငွေ)-ဒေါ်ခင်စန်းမြင့်၊ ဒေါ်ရှုရင်၊ ဦးမောင်ကြည်-ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါ်နုနုယဉ်(စာပေဗိမာန်)၊ ဒေါ်ဝင်းဝင်းယဉ်(ဝင်းစာပေ)တို့၏အစ်မသည် ၄-၂-၂၀၁၄ရက်(အင်္ဂါနေ့)ည ၇း၃၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးကောင်းတုံတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးအရှေ့ပိုင်းရပ်ကွက်၊ ၉၁လမ်း၊ အမှတ် ၁၀၆ (လေးလွှာ-ဘီ) ဦးတင်မြ၏နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးတင်ဝင်း (သန်လျင်မြို့)

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန် (၄)လမ်း၊ အမှတ် ၂၀၈နှင့် သန်လျင်မြို့၊ မြို့ဟောင်းအလယ်ရပ်ကွက်၊အမှတ် ၆၆၊ ဗိုလ်ချုပ်နေဝင်းလမ်း ဒေါ်သိန်းရီ၏ခင်ပွန်း၊ ဦးဝင်းသိန်း၊ ဦးဝင်းအောင်၊ ဦးဝင်းမြင့်၊ ဦးဝင်းညွန့်၊ ဒေါ်ရီရီတင်၊ ဒေါ်ရီရီခိုင်တို့၏ဖခင်၊ မြေး ဆယ့်နှစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၄-၂-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (သန်လျင်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

### ဒေါ်သက်သက်ဦး

**(ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်)**

**အသက်(၄၇)နှစ်**

မော်ဘီမြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ မေတ္တာလမ်းနေ ဦးကျော်ဝင်း-ဒေါ်ခင်အေးတို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၁၊ အခန်း ၃၈၊ (ခုနစ်လွှာ)နေ ဦးသိန်းငွေး၏ဇနီး၊ မောင်အောင်ငွေးကျော်၊ မအိရွှေစင်ဖြိုးတို့၏မိခင်သည် ၅-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)နံနက်၆း၁၇နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ဦးသိန်းငွေး-(ဒေါ်သက်သက်ဦး)တို့၏ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။] **ကျန်ရစ်သူမိသားစု**

### ဒေါ်ခင်ဦး(ခ)အပါး

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့နေ (ဦးကြည်-ဒေါ်တင်)တို့၏သမီး၊ ရန်ကုန်မြို့နေ(ဦးလှဘို-ဒေါ်အေးရွှေ)တို့၏သမီးချွေးမ၊ တိုက် D၊ အခန်း ၆၊ ရွှေသရဖီရိပ်မွန်၊ ကမာရွတ်မြို့နယ်နေ(ဦးစိုးလှိုင်၊Chief Engineer)၏ဇနီး၊ ကိုသူရအေးမင်း-မမိုးမိုးလှိုင်၊ ကိုဖြိုးမြင့်မောင်(ခ)ဖိုးသား (ရွှေရည်ဝန်းရောင်းဝယ်ရေး၊ယုဇနပလာဇာ)-မသီသီအောင်၊ ကိုအာကာယုမောင်-မနီနီလှိုင်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၄-၂-၂၀၁၄ရက် (အင်္ဂါနေ့)မွန်းလွဲ ၂း၄၀နာရီတွင်အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

### ဒေါ်တင်တင်အေး

**အသက်(၅၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၇၁နေ (ဦးစိန်စမ်း-ဒေါ်ညိမ်း)တို့၏သမီး၊ (ဦးကျော်ငွေ-ဒေါ်သိန်းတင်)တို့၏ချွေးမ၊ ဦးကျော်ဝင်းဖေ၏ဇနီး၊ဦးမြင့်သိန်း-ဒေါ်တင်တင်ငွေးတို့၏ညီမ၊ ကိုထွန်းထွန်းမင်း၊ ကိုကျော်ဝင်းထွဋ် - မကေသွယ်လွင်တို့၏ မိခင်သည် ၄-၂-၂၀၁၄ရက်(အင်္ဂါနေ့) ည ၈း၅၆နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄ရက်(စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်)။ **ကျန်ရစ်သူမိသားစု**

### ဒေါ်လှမြိုင် (တောင်သာ)

**အသက်(၉၅)နှစ်**

တောင်သာမြို့နေ (ဦးကံန-ဒေါ်အိမ်ကြွယ်)တို့၏သမီး၊ မော်ဘီမြို့၊ ကြက်ဖြူကန်ကျေးရွာနေ(ဦးဘဒင်)၏ဇနီး၊ ဦးမျိုးမြင့်-ဒေါ်တင်တင်မြင့်၊ ဦးမျိုးတင့်-ဒေါ်ခင်နှင်းပန်း၊ ဦးအောင်သိန်း-(ဒေါ်တင်တင်နွယ်)၊ ဦးမျိုးခန့်-ဒေါ်ခင်ညိုဝင်း၊ ဒေါ်ခင်ပြုံးချို၊ဦးသိန်းဝင်း-ဒေါ်ခင်မေစီ၊ ဦးမျိုးဝေ-ဒေါ်မြင့်မြင့်စန်း၊ ဦးမျိုးဝင်း-ဒေါ်ငွေးငွေးရီ၊ ဦးမျိုးထွန်း-ဒေါ်ကေသီသန်းလှ၊ ဦးဝင်းမောင်-ဒေါ်တင်တင်မျိုး၊ ဦးမျိုးနိုင်-ဒေါ်အမာရီတို့၏မိခင်၊ မြေး ၂၀၊ မြစ် ၁၀ယောက်တို့၏အဘွားသည် ၃-၂-၂၀၁၄ရက်(တနင်္လာနေ့)ည၁၀း၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၅-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးမျိုးမြင့်

**အထက(၄)မ/ဥက္ကလာ၊ အထက(၁)ဗဟန်း၊ အထက(၁)တာမွေ အလပြ(ငြိမ်း)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၃)ရပ်ကွက်၊ ဗိုလ်ထွန်းဇံလမ်း၊ အမှတ် ၅၃၀နေ (ဦးနန်နန်-ဒေါ်ကြည်ကြည်)တို့၏သား၊ (ဦးကျောင်တန်-ဒေါ်မထွား)တို့၏သားသမက်၊ ဒေါ်ဘိတီ၏ခင်ပွန်း၊ ဒေါ်အေးမြင့်မြင့် (မန်နေဂျာ၊ မစဘ၊ ရုံးချုပ်)၊ ဦးသီဟဝင်း-ဒေါ်လွင်မြင့်မြင့်၊ ဦးမျိုးကိုကို-ဒေါ်ခိုင်မာစိုးတို့၏ဖခင်၊ မလွင်လွင်ဟန်၊ မသိမ့်သိမ့်ဟန်၊ မောင်ပိုင်စိုးကို၊ မောင်စိုးပိုင်မျိုးဇင်တို့၏အဘိုးသည် ၄-၂-၂၀၁၄ရက် (အင်္ဂါနေ့) ည ၁၀း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၂-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများညနေ၃နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

### ဦးစိန်လှိုင်

**အသက်(၆၆)နှစ်**

ကျုံတာရှမ်းကွမ်း ကျေးရွာအုပ်စု၊ မော်ဝန်းစုကျေးရွာ၊ ဖျာပုံမြို့နေ (ဦးခင်မောင် - ဒေါ်သန်းရှင်)တို့၏ သားကြီး၊ (ဦးအေးမောင်-ဒေါ်စိန်ရင်)တို့၏သားသမက်၊ ဦးအေးမြင့်-ဒေါ်ညွန့်တင်၊ ဦးသန်းထွန်း-ဒေါ်စိန်ညို၊ ဦးလှစော-ဒေါ်မြင့်အေး၊ ဦးလှိုင်ထွန်း-ဒေါ်မြင့်မြင့်ကြည်၊ ဦးကျော်ဝင်း-ဒေါ်ယဉ်မင်းငွေးတို့၏အစ်ကိုကြီး၊ ဦးစိုးဇော်-ဒေါ်ဆန်းညွန့်ဝေ၊ ဦးဝင်းတင့်-ဒေါ်အေးမြင့်၊ ဦးကြည်နိုင်ဆွေ-ဒေါ်ငွေးငွေး၊ ဦးဗိုလ်ဝင်း-မကြူကြူငွေး၊ ဦးဇော်မင်းထွန်း-ဒေါ်စုမာလာထွန်း၊ ဦးသန်းဇော်လင်း-ဒေါ်ဝင်းဝင်းမာတို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည်၅-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် အမှတ် ၁၈၈၊ တကောင်းလမ်း၊ (၁၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**

### ဒေါ်လှလှမြင့်(ခ)မတူး

**(ကျောက်မြောင်း)**

**အသက်(၆၀)**

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ၁၈ (A)ရပ်ကွက်၊ စိန်ပန်းမြိုင် ၃လမ်း၊ အမှတ် ၅၅/၂ A နေ (ဦးမောင်မောင်-ဒေါ်ခင်စိန်)တို့၏သမီးကြီး၊ ဦးအေးသိန်း (ခေတ္တ-USA)၏ဇနီး၊ ဦးဗလမောင် (အလုပ်သမားဝန်ကြီးဌာန၊ ငြိမ်း)-ဒေါ်စန်းယဉ်၊ (ဦးသန်းရွှေ)-ဒေါ်သိန်းသိန်းအေး (မိတ္ထီလာ အကျဉ်းဦးစီး)၊ ဦးလှသန်း-ဒေါ်ပန်းဝါ၊ ဦးထွန်းအောင်-(ဒေါ်ခင်မျိုးသိန်း)၊ ဦးမောင်မောင်လင်း-ဒေါ်စိမ်းဝါတို့၏အစ်မကြီး၊ ဦးမောင်မောင်ညွန့် - ဒေါ်မာမာဝင်း (အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ ရန်ကုန်)၊ မောင်ဘုန်းပြည့်-မအေးအေးချို၊ မောင်ညိုဝင်းသူ-မသက်စုပိုင်တို့၏ မိခင်၊ တူ၊တူမ ကိုးယောက်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည် ၄-၂-၂၀၁၄ရက်(အင်္ဂါနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၂-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

### ဘဒ္ဒန္တကေလာသ

**သာသနာ့ရောင်ခြည်ကျောင်း၊ တိုးချဲ့မြို့သစ်၊ ထားဝယ်မြို့**

**သက်တော်(၅၇)နှစ်၊ သိက္ခာတော်(၃၂)ဝါ**

(၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၄ရက်) ၃-၂-၂၀၁၄ရက် (တနင်္လာနေ့) ည ၉း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၁၃ရက်) ၁၂-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ညောင်ရမ်းတောင်ရပ်ကွက် ဘုန်းကြီးပျံကုန်း၌ မီးသင်္ဂြိုဟ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**

### ဦးအောင်မြဲ(ခ) ဦးမြဲ (ရေစကြို)

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၈၂၅နေ (ဦးဘိုးရင်-ဒေါ်ဖွားသိန်း)တို့၏သား၊ ဦးဖေယျာ - ဒေါ်သိန်းသိန်းမြင့်၊ ဦးဉာဏ်ဝင်းတင့် - ဒေါ်သန်းသန်းမြင့်၊ ဦးလှသိန်း-ဒေါ်စန္ဒာညွန့်၊ ဦးစဝ်ကျော်ဆန်းကြာ-ဒေါ်ခင်ငွေးရီ၊ ဦးမျိုးသိန်း-ဒေါ်သင်းသင်းအေး၊ ဦးဆန်းဝင်းအောင်-ဒေါ်သီဂီဝင်း၊ (ဦးလှဝင်းအောင်-ဒေါ်ဥမ္မာကျော်)တို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုး၊ ဒေါ်တင်အေး၏ခင်ပွန်းသည် ၄-၂-၂၀၁၄ရက် (အင်္ဂါနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ အားအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

### ဒေါ်မြရီ (ပုလော)

**အသင်းဝင်အမှတ်-၉၈၉**

**အသက်(၈၄)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးစံမောင်)၏ဇနီး၊ ဦးလှဝေ(တွဲဖက်အတွင်းရေးမှူး၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)-ဒေါ်လှသန်းတို့၏ မိခင်သည် ၄-၂-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

**အမှုဆောင်အဖွဲ့**

**စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း**

### ဦးသန်းတင်

**လ/ထမန်နေဂျာ(ငြိမ်း)၊ ဝယ်/ဖြန့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

**အသင်းဝင်(၀၅၃၅)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ၃၇လမ်း၊ အမှတ် ၈၈နေ ဦးသန်းတင်သည် ၃၀-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁-၂-၂၀၁၄ ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

### ဦးအောင်တင်(ခ) ရော်ရောင်ပင်း

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၅)ရပ်ကွက်၊ မြကန်သာ ၄လမ်း၊ V-56 နေ (ဦးယုဘွန်-ဒေါ်ရှုပွေး)တို့၏သားကြီး၊ (ဦးချူလွင် - ဒေါ်ကျင်ရန်)တို့၏ သားသမက်၊ ဒေါ်ခင်ဆွေမြင့်၏ခင်ပွန်း၊ ဒေါ်စုစုအောင်-ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ထူး-ဒေါ်အေးအေးခင်၊မောင်ကျော်ထင်အောင်၊ မနှင်းဦးအောင်တို့၏ဖခင်၊ မောင်ဟန်လင်းထက်၏ အဘိုးသည် ၄-၂-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

### ဒေါ်မြရီ (ပုလော)

**အသက်(၈၄)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးစံမောင်)၏ဇနီး၊ ဒေါ်သန်းယု-ဦးခင်မောင်ဝင်း၊ ဦးလှဝေ-ဒေါ်လှသန်း၊ ဒေါ်သန်းသန်းငွေး-ဦးခင်သောင်း၊ ဒေါ်ဖြူဖြူသန်း-ဦးသန်းမြင့်၊ ဒေါ်နီနီသန်း၊ ဦးရဲတင့်-ဒေါ်အေးအေး၊ ဒေါ်ဆွေဆွေသန်း၊ ဒေါ်ကြူကြူသန်း၊ဒေါ်ညိုညိုသန်း၊ (ဒေါ်အေးအေးသက်)-ဦးညွန့်ဝေ၊ဦးမျိုးခိုင်-ဒေါ်ခင်မျိုးငွေးတို့၏မိခင်၊ မြေး ၁၉ယောက်၊မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၄-၂-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ **ကျန်ရစ်သူမိသားစု**

### ဦးဝင်းတင်

**(ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပြင်မှူး၊ ငြိမ်း)**

**အသက်(၆၉)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ငါ့သရောက်ရွာနေ (ဦးလှမောင်-ဒေါ်သက်တင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊(၅)ရပ်ကွက်၊ရတနာလမ်း၊ အမှတ် ၁၀၂၈နေ ဒေါ်ရင်နု၏ခင်ပွန်း၊ ဦးကိုကိုနိုင်(ဆက်သွယ်ရေး)-ဒေါ်သွဲ့သွဲ့ဝင်း(ဘဏ္ဍာရေး၊ ငွေစာရင်းဌာန)၊ ဦးနိုင်ဇော်ဝင်း၊ဒေါ်အေးအေးခိုင်(အထက်တန်းပြ၊အထက-၃၊ ဒဂုံမြောက်)၊ မောင်အောင်သီဟ (Geocom Myanmar)တို့၏ဖခင်၊ မောင်ဝေယံမင်းဦး၊ မဝတ်ရည်မိုးဦးတို့၏အဘိုးသည် ၅-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**ရဟန်းဒါယကာကြီး**

### ဦးဝင်းခန့်ဦး(ခ)အော့ဂျော့

**ဒေါ်ရှမ်းမနှင့်သားများ ပရိဘောဂ(တာမွေ)**

**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးမောင်မောင်ဦး) - ဒေါ်ကျင်လွမ်(ခ)ဒေါ်ရှမ်းမ (ဒေါ်ရှမ်းမ ပရိဘောဂ)တို့၏သားလတ်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၃၃လမ်း၊ အမှတ် ၉၆၆နေ (ဦးထွန်းကြည်)-ဒေါ်ကျင်အေးတို့၏သားသမက်၊ ဦးကျော်မင်းဦး-ဒေါ်ခင်စိုးမိုးတို့၏ညီ၊ ဦးကျော်ထင်ဦး-ဒေါ်နီနီဝင်းတို့၏အစ်ကို၊ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၉၆၊ သမိန်ဗရမ်းလမ်း (ဒေါ်ရှမ်းမနှင့်သားများ ပရိဘောဂ)နေ ဒေါ်လှလှထွေး၏ခင်ပွန်း၊ မောင်သော်ဇင်မင်းခန့် (Grade-7, A၊ အထက-၂၊ ဗဟန်း)နှင့် မထက်နဒီဦး (Grade-4) သပြေ၊ (အမက-၃)မှူလွန်ဗဟန်းတို့၏ဖခင်သည် ၄-၂-၂၀၁၄ရက် (အင်္ဂါနေ့)နံနက် ၇း၃၅နာရီတွင် ရန်ကုန်မြို့ SSC(ရွှေဂုံတိုင်)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

mmalin.npt @ gmail.com, နှင့်
www. facebook.com/MYANMAALINNNEWS

# ချေးငွေထဲမှ အရစ်ကျဆပ်ငွေကို အချိန်မှန်ပေးဆပ်နိုင်အောင် လိုက်နာဆောင်ရွက်ရန် အရေးကြီး



နေပြည်တော် ဖေဖော်ဝါရီ ၅

ယနေ့ သမဝါယမစနစ်ဖြင့် တောင်သူလယ်သမားများအတွက် ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ဆန်စက်၊ အင်ဂျင်မျိုးစုံ၊ ထော်လာဂျီစသည့် လယ်ယာသုံးပစ္စည်းများနှင့် ခေတ်မီစိုက်ပျိုးနည်းပညာများပါ လာရောက်ပံ့ပိုးသည့်အတွက် သမားရိုးကျ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ပြောင်းလဲနိုင်ခြင်းဖြင့် လယ်ယာထွက်ကုန်အထွက်တိုးမှုကြောင့် ဝမ်းစာဖူလုံစေသည့်အပြင် မိသားစုဝင်ငွေပါ တိုးပွားလာနိုင်ကြမှာဖြစ်ပါကြောင်း၊ စာမျက်နှာ ၈ ကော်လံ ၁ ▲

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# တန်ချိန် ၂၀၀၀၀ ရေယာဉ်ဆိုက်ကပ်နိုင်မည့် စစ်တွေဆိပ်ခံတံတား တည်ဆောက်လျက်ရှိ



နေပြည်တော် ဖေဖော်ဝါရီ ၅

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဒုတိယဝန်ကြီးများနှင့်အတူ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ဒေသ၏ ပထဝီအနေအထားနှင့် လူမှုရေး၊ စီးပွားရေး တိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စာမျက်နှာ ၉ ကော်လံ ၁ ●

ဒုတိယသမ္မတ ဦးညဏ်ထွန်း စစ်တွေမြို့ ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုအခြေအနေ မြေပုံကားချပ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ယနေ့ မာတိကာ


ကြက်ငှက်ဗိုင်းရပ်စ်ပိုး အသစ်တွေ့ရှိ စာ - ၄

၃၈ မီနီဘတ်စ်နှင့် ၅၉ မီနီဘတ်စ်အသစ်များ လိုင်းဆွဲရန် အသင့်ရှိနေ စာ - ၁၃

အက်ဖ်အေပြိုင်ပွဲမှ ဖူလ်ဟမ်ထွက်ရပြီ စာ - ၁၄


## ကြော်ငြာအချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

## Unity စာစောင်ပါ လျှို့ဝှက်ဓာတုလက်နက်စက်ရုံဆောင်းပါးကိစ္စနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ

သတင်းစာမျက်နှာ ➤ ၃

# အေဗရာမိုဗစ် ထုဆစ်ရမည့် မြန်မာအသင်းအနာဂတ်

သတင်းမှတ်စု - ရဲရင့်ရှိုင်း
ဓာတ်ပုံ - စိုးညွန့်

ရန်ကုန် ဖေဖော်ဝါရီ ၅

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းကျရှုံးပြီးနောက်ပိုင်း မြန်မာ့ ဘောလုံးလောကအတွက် အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်။ မြန်မာကစားသမားများကို လစာငွေ ထိန်းချုပ်သည့်စည်းမျဉ်း စည်းကမ်းကို ထုတ်ပြန်ခဲ့သလို မြန်မာအသင်း နည်းပြချုပ်ရာထူးအတွက် စင်ကာပူအသင်းကို အောင်မြင်မှုများစွာ ရယူပေးခဲ့သည့် ဆာဘီးယားလူမျိုး အေဗရာမိုဗစ်ကို ခန့်အပ်ခဲ့သည်။

အေဗရာမိုဗစ်ဆိုသည်မှာအာဆီယံ ဘောလုံးလောကနှင့် ရင်းနှီးကျွမ်းဝင်ပြီးသူ၊ မြန်မာဘောလုံးအသင်း အကြောင်းကို သေသေချာချာသိထားသူဖြစ်သည်။ စင်ကာပူဘောလုံးအသင်းကို ၂၀၀၃ ခုနှစ်မှစ၍ ကိုင်တွယ်ခဲ့ပြီး ဆယ်စုနှစ်တစ်ခုကြာ ကိုင်တွယ်ခဲ့ရာ အောင်မြင်မှုများစွာ ရယူပေးနိုင်ခဲ့သည်။ အာဆီယံဒေသတွင်း၏ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ဆူဇူကီးဖလားပြိုင်ပွဲတွင် စင်ကာပူအသင်းကို သုံးကြိမ်တိုင်ချန်ပီယံဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ဒေသတွင်းနိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာအသင်းအောင်မြင်မှုနှင့် ဝေးကွာလာခြင်း၊ အားလုံးမျှော်လင့်ခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင် စာမျက်နှာ ၁၂ ကော်လံ ၁ ◆




